www.burmeseclassic.com



ဤသို့ လုပ်နေကြရခြင်းသည်ပင် ဘဝ၏ အနက်၊ ဘဝ၏ အဓိပ္ပာယ် ဖြစ်၏။ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌မူ ဘဝကို ကမ္မဘဝနှင့် ဥပပတ္တိဘဝ၊ သို့မဟုတ် အကြောင်းဘဝနှင့် အကျိုးဘဝဟူ၍ နှစ်မျိုး ခွဲ ဟောကြားထား၏။ ယင်း ဘဝနှစ်မျိုးလုံးသည်ပင် အလုပ်နှင့် ဆက်စပ်လျက် ရှိ၏။ အကြောင်းဘဝသည် အလုပ်ဖြစ်၏။ အကျိုးဘဝသည် သတ္တဝါ ဖြစ်၏။

ကျွန်ုပ်တို့သည် အကျိုးဘဝအရ ဝိပါက်ပဋိသန္ဓေစိတ်ဖြင့် သတ္တဝါ ဟူ၍ ဖြစ်လာသည်နှင့် တစ်ပြိုင်နက် မကောင်းသော အလုပ်ကို စတင်၍ လုပ်ရ၏။ ထို့ကြောင့် သတ္တဝါဟူသည် ဘဝတွင် မကောင်းသော အလုပ်ဖြင့် စတင်သူ ဖြစ်၏ ဟူ၍ ဆိုရ၏။ ဤ၌ မကောင်းသော အလုပ်ဆိုသည်မှာ ပဋိသန္ဓေ နောင် ပထမဦးဆုံး လောဘဇော စောခြင်း ဖြစ်၏။ ယင်းလောဘဇော၌ စေတနာ ယှဉ်လျက်ပါ၏။ ယင်းစေတနာကို လောကဝေါဟာရအားဖြင့် မကောင်းသောအလုပ် ဟူ၍ လည်းကောင်း၊ ဒေသနာ ဝေါဟာရအားဖြင့် အကုသိုလ်ကံ ဟူ၍ လည်းကောင်း ဆိုရ၏။

ဤ၌ သတ္တဝါအရ အသညသတ်ဘုံမှ တစ်ပါး (၃၀)ဘုံသားအားလုံး ပါဝင်ကြ၏။ လူဖြစ်စေ၊ နတ်ဖြစ်စေ၊ ဗြဟ္မာဖြစ်စေ သတ္တဝါ ဟူသမျှ မည်သူမဆို ဘဝတွင် လောဘဖြင့် အလုပ်ကို စတင်သူများ ဖြစ်၏။ ဤသို့ အဘိဓမ္မာ ဒေသနာတော်၌ ဆို၏။

လောက ဝေါဟာရအားဖြင့် "အလုပ်"၊ ဒေသနာ ဝေါဟာရအားဖြင့် "ကံ"သည် ကာယကံ၊ ဝစီကံ၊ မနောကံ ဟူ၍ သုံးမျိုးရှိပြီး ကောင်း မကောင်းအားဖြင့် နှစ်မျိုးစီ ရှိသည်။ ကောင်းသောကံကို ကုသိုလ်ဟူ၍ ဆိုပြီး မကောင်းသော ကံကို အကုသိုလ်ဟု ဆိုသည်။

ကျွန်ုပ်တို့သည် သံသရာ၌ ကျင်လည်နေသရွေ့ ကာလပတ်လုံး





ကုသိုလ်နှင့် အကုသိုလ် နှစ်မျိုးအနက် တစ်မျိုးမျိုးကို အမြဲတစေ ပြုလုပ်နေကြရ၏။ ကုသိုလ်အလုပ် ဖြစ်ချင်ဖြစ်မည်။ အကုသိုလ်အလုပ် ဖြစ်ချင် ဖြစ်မည်။ နှစ်မျိုးအနက် တစ်မျိုးမျိုးသာ ဖြစ်၏။ ကြားအလုပ် ဟူ၍ မရှိ။ မလုပ်ဘဲလည်း ရှောင်လွှဲ၍ မရ။ ဤသည်ကိုပင် သတ္တဝါတို့၏ သန္တာန်၌ ကုသိုလ်စိတ်နှင့် အကုသိုလ်စိတ် နှစ်မျိုးတို့အနက် တစ်မျိုးမျိုးသည် အမြဲတစေ ဖြစ်နေကြသည် ဟူ၍ ဆိုရ၏။

ကောင်းသောအလုပ်သည် ကုသိုလ်ကံ ဖြစ်၏။ မကောင်းသော အလုပ်သည် အကုသိုလ်ကံ ဖြစ်၏။ အလုပ်ဟူသမျှသည် ကောင်း မကောင်း နှစ်မျိုးသာရှိပြီး ကြားအလုပ် ဟူ၍ မရှိ။ ကံ ဟူသမျှသည် ကုသိုလ် အကုသိုလ် နှစ်မျိုးသာ ရှိပြီး ကြားကံဟူ၍ မရှိ။ ဤသည်မှာ ပရမတ္ထသစ္စာအားဖြင့် အမှန်ဖြစ်၏။ ဤသဘောကို အတ္တနှင့် အနတ္တ ဘာသာတရားများ အားလုံးက တညီတညွတ်တည်း လက်ခံကြ၏။ ဘာသာတရားများ အားလုံးက ကောင်းသောအလုပ်ကို လုပ်ရန်နှင့် မကောင်းသော အလုပ်ကို ရှောင်ရန် သွန်သင်ပြ၏။

သို့ရာတွင် ကောင်း မကောင်း သတ်မှတ်နည်း၊ ကောင်းသော အလုပ်ကို လုပ်နည်းနှင့် မကောင်းသော အလုပ်ကို ရှောင်နည်းတို့နှင့် စပ်လျဉ်း၍ သွန်သင်ရာ၌မူ အနတ္တ ဗုဒ္ဓဒေသနာနှင့် အခြား အတ္တ ဒေသနာတို့သည် သဘောချင်း မတူကြချေ။

သတ္တဝါတို့သည် သံသရာ၌ ကျင်လည်နေသူများ ဖြစ်၏။ သံသရာသည် အပြောကျယ်သော သမုဒ္ဒရာနှင့် တူ၏။ သမုဒ္ဒရာသည် ဆားဘျမ်းအတိ ပြီး၏။ နှစ်သက်စရာ မဟုတ်။

သံသရာ၌ ကျင်လည်ခြင်းသည် အပြောကျယ်သော သမုဒ္ဒရာ၌ လက်ပစ်ကူးနေခြင်းနှင့် တူ၏။ သမုဒ္ဒရာ၌ လက်ပစ်ကူးနေသူသည် ငြိမ်းချမ်းရာ တစ်ဖက်ကမ်း ရောက်ရေးအတွက် အသေအောင်ပုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့လျှင်လည်း အမှိုက်ကဲ ပြု၏။ သစ်တုံးကို တွေ့လျှင်လည်း အမှိုက်ကဲ ပြု၏။

သို့ရာတွင် အသေကောင်ပုပ်ကို တွေ့သောအခါ စက်ဆုပ်၏။ စက်ဆုပ်သော်လည်း မစွန့်ပစ်၊ သင့်သလို အမှိုက်ကဲအဖြစ် အသုံးပြု၏။ သစ်တုံးကို တွေ့သောအခါ ဝမ်းမြောက်၏။ ဝမ်းမြောက်သော်လည်း မသိမ်းပိုက်၊ သင့်သလို အမှိုက်ကဲအဖြစ် အသုံးပြု၏။ သူ့အတွက် တစ်ဖက်ကမ်း ရောက်ရေးသာ အဓိက ဖြစ်၏။ အသေကောင်ပုပ်သည်လည်း အဓိက မဟုတ်၊ သစ်တုံးသည်လည်း အဓိက မဟုတ်၊ လက်ပစ်ကူးနေစဉ် ကာလအတွင်း အသုံးပြုစရာ တန်ဆာပလာများသာ ဖြစ်၏။ တစ်ဖက်ကမ်း ကြည်းကုန်းထက်သို့ ရောက်ပါက အသုံးပြုစရာ တန်ဆာပလာများသည် ဘာမျှ အသုံးမကျတော့။ စွန့်ပစ်ရမည့် ချည်း ဖြစ်၏။ ဤသို့ မြတ်စွာဘုရားသည် မူလပဏ္ဏာသပါဠိတော် (၁၈၈) ကုလ္လောပမသုတ်၌ ဟောကြားတော်မူ၏။

ဗုဒ္ဓဒေသနာတော်အရ သမုဒ္ဒရာ၌ လူးလာခေါက်ပြန် လက်ပစ်ကူးနေသူအတွက် အသေကောင်ပုပ်သည် အကုသိုလ်နှင့် တူ၏။ သစ်တုံးသည် ကုသိုလ်နှင့် တူ၏။ ဘာသာရေး လောက၌ လမ်းစဉ်နှင့် ပန်းတိုင်ဟူသော ဝေါဟာရနှစ်လုံး ရှိ၏။ ဗုဒ္ဓဘာသာ၌ မဂ္ဂင်ရှစ်ပါးကို လမ်းစဉ်အဖြစ် သတ်မှတ်၍ နိဗ္ဗာန်ကို ပန်းတိုင်အဖြစ် သတ်မှတ်သည်။ လမ်းစဉ်ဟူသည်မှာ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းဘဲ ဆန္ဒသက်သက်ဖြင့် ယူနိုင်သော သဘောဖြစ်သည်။ ပန်းတိုင်ကိုသာ နှလုံးသွင်း မကောင်းလျှင် တဏှာ၊ မာန၊ ဒိဋ္ဌိ တို့ဖြင့် စွဲလမ်းနိုင်သည်။

ဥပမာအားဖြင့် သေနတ်ပစ်သော ယောကျ်ားသည် ကျည်ဆန်ကို ယူသောအခါ ကျည်ဆန်၌ သိမ်းပိုက်လိုခြင်း မရှိ၊ ရယူရုံ သက်သက်မျှ ဖြစ်၏။ သားကောင်၌သာ သိမ်းပိုက်လိုခြင်း ရှိ၏။ ဤသဘောအရ





ကျည်ဆန်ကို လမ်းစဉ်ဟူ၍ လည်းကောင်း၊ သားကောင်ကို ပန်းတိုင်ဟူ၍ လည်းကောင်း ဆိုအပ်၏။ သိမ်းပိုက်လိုခြင်း ရှိလာလျှင် လမ်းစဉ်သည်ပင် ပန်းတိုင် ဖြစ်သွား၏။ ထို့ကြောင့် ကုသိုလ်နှင့် အကုသိုလ်ကို မဂ္ဂင်ရှစ်ပါး၌ ပါဝင်အောင် ကြိုးစားအပ်၏။ အကုသိုလ်ကို မဂ္ဂင်ရှစ်ပါး၌ ပါဝင်အောင် ကြိုးစားရာတွင် ယင်း အကုသိုလ်ကို ပယ်သတ်နိုင်အောင် သမ္မပ္ပဓာန် နည်းအတိုင်း အားထုတ်ခြင်းပင် ဖြစ်၏။ ဉာဏ်ရှိ၍ သုံးတတ်ပါက အဆိပ်ကိုလည်း ဆေးဖက်ဝင်အောင် အသုံးပြု၍ ရသကဲ့သို့ ဖြစ်၏။ ဤနေရာ၌ လမ်းစဉ်ကို အသုံးပြုစရာ တန်ဆာပလာဟူ၍ ဆိုအပ်၏။ သို့ဖြစ်၍ အကုသိုလ်နှင့် ကုသိုလ်ကို သံသရာ၌ ကျင်လည်နေစဉ် အသုံးပြုစရာ တန်ဆာပလာ အဖြစ်သာ အသုံးပြုအပ်၏။ ပန်းတိုင်အဖြစ် အသုံးမပြုအပ်။

အကုသိုလ်ကို အသုံးပြုစရာ တန်ဆာပလာအဖြစ် အသုံးပြုခြင်း ဆိုသည်မှာ ပုထုဇဉ်တို့၏ သဘာဝအရ မလွှဲသာ မရှောင်သာ အကုသိုလ်ကို ပြုမိပါက ယင်းပြုမိသော အကုသိုလ်ကို မေ့ထားရမည် မဟုတ်။ မသိကျိုးကျွန် ပြုရမည် မဟုတ်။ ယင်းအကုသိုလ်ကို ပယ်သတ်ရန် အားထုတ်ရမည်။

စိတ္တာနုပဿနာ သတိပဋ္ဌာန်အတိုင်း အကုသိုလ်ကို အကုသိုလ်မှန်း သိရမည်။ ယင်းပြုမိသော အကုသိုလ်ကို အားကြီးသောအကြောင်း (ဥပနိဿယ)ပြု၍ ယင်း၏ ဆန့်ကျင်ဘက် ကုသိုလ်ကို ပြုရမည်ဟူ၍ ဖြစ်သည်။ ပန်းတိုင်အဖြစ် အသုံးပြုခြင်း ဆိုသည်မှာ ငါ၊ ငါ့ဥစ္စာ၊ ငါ့အတွက် သိမ်းပိုက်ခြင်း ဖြစ်သည်။ ယင်းကို တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် စွဲယူခြင်းဟူ၍ ဆိုသည်။

အမှန်အားဖြင့် ဗုဒ္ဓဘာသာသည် လောဘကို ပယ်သတ်သော ဘာသာဖြစ်သည်။ နိဗ္ဗာန်ဟူသည်မှာ ဝါနခေါ် တဏှာလောဘ ကုန်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရန်နှင့် ငါ၊ ငါ့ဥစ္စာ၊ ငါ့အတွက်ဟူ၍ အတ္တစွဲမပါဘဲ စိတ်ကို ဖြူဖြူစင်စင်ထား၍ ဆောင်ရွက်ရန် တိုက်တွန်းခြင်း ဖြစ်၏။ တိုက်တွန်းသည့်အတိုင်း ဆောင်ရွက်ပါက အမာနုသီရတိခေါ် သာမန်လူသားတို့ မရကောင်းသော နှစ်သက်ဖွယ် "ရသ"ကို ကေန် ခံစားရ၏။ သာမန် လူသားတို့ ရကောင်းသော နှစ်သက်ဖွယ် "ရသ"ကား သိမ်းပိုက်ချမ်းသာ၌ တည်၏။ စွန့်လွှတ်ချမ်းသာ၌ မတည်။

ဘာသာတရားကို အုပ်စုခွဲပါက "အတ္တဝါဒ"အုပ်စုနှင့် "အနတ္တဝါဒ"အုပ်စုဟူ၍ နှစ်မျိုးရှိ၏။ ဗုဒ္ဓဘာသာသည် "အနတ္တဝါဒ"အုပ်စု၌ ပါဝင်ပြီး ကျန်ဘာသာတရားများသည် "အတ္တဝါဒ"အုပ်စု၌ ပါဝင်သည်။ အုပ်စု နှစ်ခုလုံးသည် အကုသိုလ်ကို မလုပ်ရန်နှင့် ကုသိုလ်ကို လုပ်ရန်၊ သို့မဟုတ် မကောင်းသော အလုပ်ကို မလုပ်ရန်နှင့် ကောင်းသော အလုပ်ကို လုပ်ရန် တိုက်တွန်း၏။

သို့ရာတွင် လုပ်ပုံလုပ်နည်း သတ်မှတ်ချက်၊ ကောင်း မကောင်း သတ်မှတ်ချက်တို့၌မူ ကွဲပြား၏။ ဗုဒ္ဓဘာသာက "ငါ"ကို ရှေ့တန်းတင်ပြီးလုပ်သော အလုပ်မှန်သမျှကို မကောင်း၊ ငါကို ရှေ့တန်းမတင်ဘဲ လုပ်သော အလုပ်မှန်သမျှကို ကောင်း၏ဟု သတ်မှတ်၏။

အမှန်အားဖြင့် ငါ-အရ တဏှာဖြင့် စွဲသော ငါလည်း ရှိ၏။ မာန-ဖြင့် စွဲသော ငါလည်း ရှိ၏။ ဒိဋ္ဌိ-ဖြင့် စွဲသော ငါလည်း ရှိ၏။ တဏှာဖြင့် စွဲလျှင် တဏှာအတ္တ၊ မာနဖြင့် စွဲလျှင် မာနအတ္တ၊ ဒိဋ္ဌိဖြင့် စွဲလျှင် ဒိဋ္ဌိအတ္တ ဖြစ်သည်။ မည်သည့် အတ္တဖြစ်ဖြစ် ဗုဒ္ဓဘာသာအရ ပယ်ရမည် ဖြစ်သည်။ အခြားဘာသာများကမူ ဤသို့ သွန်သင်ခြင်းကို မပြုကြ။

လူတို့သည် မိမိတို့၏ အားမာန်ဖြင့် ရုပ်ပိုင်းဆိုင်ရာ ပစ္စည်းများ ကြွယ်ဝအောင်လည်း လုပ်ကြ၏။ ရာထူးအာဏာရအောင်လည်း လုပ်





ကြ၏။ ရိုသေလေးစားမှု ခံရအောင်လည်း လုပ်ကြ၏။ ကျော်ကြား၍ ဆော်ကွန်းတင် ခံရအောင်လည်း လုပ်ကြ၏။ ထိုသို့ လုပ်ရာတွင် အခြားဘာသာဝင်များက "ငါ"အတွက် ပန်းတိုင်အဖြစ် သတ်မှတ်၏။ ဗုဒ္ဓဘာသာဝင်များက "လောက"အတွက် လမ်းစဉ်၊ သို့မဟုတ် အသုံးပြုရော တန်ဆာပလာအဖြစ် သတ်မှတ်၏။ ဤသို့ ခြားနားသည်။

သမုဒ္ဒရာ၌ မျောနေသော ဆင်သေကောင်ပုပ်ကို ပန်းတိုင်အဖြစ် သတ်မှတ်ပြီး ဖက်တွယ်၍ ဆင်သေကောင်ပုပ် မျောရာလိုက်သော ကျီးမိုက်သည် ဆင်သေကောင်ပုပ် ဖရိုဖရဲ ပြိုကွဲသွားသောအခါ ရေပြင်၌ ပျက်စီးရ၏။ သစ်တုံးကို ပန်းတိုင်အဖြစ် သတ်မှတ်ပြီး ဖက်တွယ်၍ သစ်တုံးမျောရာ လိုက်သော ယောကျ်ားသည် သစ်တုံးဆွေးမြည့် ပြိုကွဲသောအခါ သမုဒ္ဒရာရေပြင်၌ ပျက်စီးရ၏။

ဆင်သေကောင်ပုပ်သည် လည်းကောင်း၊ သစ်တုံးသည် လည်းကောင်း ထာဝစဉ် မခိုင်မမြဲဘဲ ဖရိုဖရဲ ဖြစ်တတ်သကဲ့သို့ အကုသိုလ်သည် လည်းကောင်း၊ ကုသိုလ်သည် လည်းကောင်း ထာဝစဉ် မခိုင်မြဲဘဲ အရှိန်အဟုန် ရှိသရွေ့သာ ခိုင်မြဲပြီး၊ ထို့နောက် ဖရိုဖရဲ ပြိုကွဲတတ်၏။ ထို့ကြောင့် အကုသိုလ်နှင့် ကုသိုလ်ကို ဗုဒ္ဓဘာသာက ပန်းတိုင်အဖြစ် သတ်မှတ်ဘဲ လမ်းစဉ်အဖြစ် သတ်မှတ်ခြင်း ဖြစ်သည်။

အကုသိုလ်ကို လမ်းစဉ်အဖြစ် သတ်မှတ်ခြင်းဆိုသည်မှာ အဆိပ်ကို ဆေးဖက်ဝင်အောင် အသုံးပြုသကဲ့သို့ ကျူးလွန်သော အကုသိုလ်ကို အကြောင်း (ဥပနိဿယ)ပြု၍ မဂ္ဂင်ထိုက်သော ကုသိုလ်ဖြစ်ပေါ်လာအောင် အားထုတ်ခြင်း ဖြစ်သည်။

သမားကောင်းဟူသည် မည်သည့်ပစ္စည်းကိုရရ ဆေးဖက်ဝင်အောင် လုပ်တတ်၏။ ဗုဒ္ဓဘာသာဝင် စစ်စစ်ဖြစ်ပါက မိမိ၏ ဒွါရ(၆) ပါး၌ ဆင်လာသော မည်သည့်အာရုံမျိုးကို မဆို အပ္ပမာဒဖြင့် မဂ္ဂင်ထိုက်



www.burmeseclassic.com

www.burmeseclassic.com



အောင် လုပ်တတ်၏။ လုပ်လည်း လုပ်ရ၏။ မေ့မပစ်ရ၊ လျစ်လျူရှု မထားရ။

ထို့အပြင် "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ" ဟူသော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ လောကီကုသိုလ် ဖြစ်စေ၊ အကုသိုလ်ဖြစ်စေ မည်သည့် ကံကိုမဆို အဝိဇ္ဇာ အခြေခံပေါ်၌ တည်ဆောက်ရသည်ချည်း ဖြစ်သည်။ ဤ၌ အဝိဇ္ဇာဆိုသည်မှာ အနုသယအဆင့် အဝိဇ္ဇာ ဖြစ်သည်။ ယင်း၌ တဏှာ၊ ဥပါဒါန်တို့လည်း ပါဝင်သည်။

သို့ဖြစ်၍ ဤလောက၌ ကောင်းမှုဖြစ်စေ၊ မကောင်းမှု ဖြစ်စေ မည်သည့် ကံကိုလုပ်လုပ် အဝိဇ္ဇာ ဦးဆောင်သော အနုသယကိလေသာများသည် အမြဲတစေ ပါဝင်နေမည် ဖြစ်၏။ အဝိဇ္ဇာဦးဆောင်သော အနုသယကိလေသာများ ပါဝင်နေခြင်းကြောင့်ပင် "ကုသိုလ်"၊ "အကုသိုလ်" ဟူသော အမည်ကို ရခြင်းဖြစ်၏။ သို့မဟုတ်ပါက "ကြိယာ" အမည်ကိုသာ ရပေမည်။

သို့ဖြစ်လေရာ ကုသိုလ်နှင့် အကုသိုလ်ဟူသော အမည်သည် အဝိဇ္ဇာ ဦးဆောင်သော အနုသယကိလေသာ အပေါ်၌ တည်၏။ အဝိဇ္ဇာ ရှိလျှင် ကုသိုလ်နှင့် အကုသိုလ် ရှိမည်။ ကုသိုလ်နှင့် အကုသိုလ်ရှိလျှင် သံသရာ သမုဒ္ဒရာ၌ ကူးနေဆဲပင် ဖြစ်၏။

အဝိဇ္ဇာ မရှိလျှင် ကုသိုလ်နှင့် အကုသိုလ် မရှိ။ ကုသိုလ်နှင့် အကုသိုလ် မရှိသည်နှင့် တစ်ပြိုင်နက် တစ်ဖက်ကမ်းသို့ ရောက်သည် မည်၏။ ထို့ကြောင့် ကုသိုလ်နှင့် အကုသိုလ်ကို တစ်ဖက်ကမ်းသို့ ရောက်စေတတ်သော အသုံးပြုစရာ တန်ဆာပလာအဖြစ်၊ လမ်းစဉ်အဖြစ် ဗုဒ္ဓဘာသာက သတ်မှတ်ခြင်း ဖြစ်၏။

ဓမ္မရေးရာ မဟုတ်ဘဲ လောကရေးရာ၌ အနတ္တဝါဒအရ ကုသိုလ်နှင့် အကုသိုလ်ကို လမ်းစဉ်အဖြစ် အသုံးပြုမည်ဆိုပါက မိမိ၌





ကရုဏာ (မေတ္တာ) နှင့် ပညာရှိဖို့ လို၏။ ကရုဏာ (မေတ္တာ) သည် ဗြဟ္မစိုရ်တရား၏ အထိမ်းအမှတ်ဖြစ်၍၊ ပညာသည် ဗောဓိပက္ခိယ တရား၏ အထိမ်းအမှတ် ဖြစ်၏။ ကရုဏာ (မေတ္တာ)နှင့် ပညာရှိမှ ကုသိုလ်နှင့် အကုသိုလ်ကို လမ်းစဉ်အဖြစ် အသုံးပြုရလေသည်။

လမ်းစဉ်အဖြစ် အသုံးပြုခြင်းဆိုသည်မှာ သံသရာ၏ တစ်ဖက်ကမ်းနှင့် ပို၍ ပို၍ နီးအောင် ဆောင်ရွက်ခြင်း ဖြစ်၏။ သံသရာ၏ တစ်ဖက်ကမ်းနှင့် ပို၍ ပို၍ နီးအောင် ဆောင်ရွက်ခြင်းဆိုသည်မှာ "အတ္တ" ကို ရှေ့တန်းမတင်ဘဲ "အတ္တ" ကို ပါး၍ ပါး၍ သွားအောင် ကျင့်ခြင်း ဖြစ်၏။ အတ္တကို ပါး၍ပါး၍ သွားအောင် ကျင့်ခြင်း ဆိုသည်မှာ အနစ်နာခံခြင်းပင် ဖြစ်သည်။

ကျွန်ုပ်တို့သည် မိမိတို့၏ သားသမီးများကို ချစ်ကြ၏။ ကြင်နာကြ၏။ အတော်ဆုံး၊ အကောင်းဆုံး၊ အတတ်ဆုံး၊ အလိမ္မာဆုံးဖြစ်အောင် ဆောင်ရွက်ရာ၌ အနစ်နာခံကြ၏။ သားသမီးများနှင့် ပတ်သက်လျှင် မိဘတို့၏ အတ္တသည် များစွာ ပါးလေသည်။

မေတ္တသုတ်၌ မိခင်က တစ်ဦးတည်းသော သားအပေါ်၌ မေတ္တာထားသကဲ့သို့ သတ္တဝါများအပေါ်၌ မေတ္တာထားရန် ဘုရားရှင် ဟောကြား ထား၏။

အမှန်အားဖြင့် အတ္တပါးရေး၊ အနစ်နာခံရေး၌ မေတ္တာသည် အပြဋ္ဌာန်းဆုံး ဖြစ်၏။ အတ္တပါးရေး၊ အနစ်နာခံရေး၌ မျက်ကန်းချစ် မဖြစ်စေရန် ပညာရှိဖို့လည်း လိုသည်။ ပညာရှိမှ ကမ်းနှင့် ပို၍ ပို၍ နီးသည်။ သို့မဟုတ်ပါက ကမ်းနှင့် ပို၍ ပို၍ ဝေးပြီး နရက်၌ နိဂုံးချုပ်ရ လေလိမ့်မည်။

လောကမျက်မြင်အားဖြင့်လည်း ဇနီး၊ သား၊ သမီးနှင့် တပည့်သားများကို မျက်ကန်းချစ်ဖြင့် ချစ်မိသောကြောင့် အတိဒုက္ခရောက်သူ



www.burmeseclassic.com

www.burmeseclassic.com



များကို တွေ့ဖူးပေလိမ့်မည်။ သို့ဖြစ်၍သာ ဓမ္မပဒ (၂၆၀)၌ **မိမိသည် မိမိ၏ ကိုးကွယ်ရာ ဖြစ်ရမည်ဟု** ဟောကြားထားခြင်း ဖြစ်သည်။ ကိုးကွယ်ရာဟူသည် အနန္တ ကရုဏာရှင်၊ အနန္တ ဉာဏ်ရှင် ဖြစ်သူသာ တည်း။

ထို့ကြောင့် မိမိသည်ပင် မိမိ၏ ကိုးကွယ်ရာ ဖြစ်ရလေအောင်၊ တစ်နည်းအားဖြင့် မိမိကိုယ်ကို မိမိက ပြန်၍ ကြည်ညို ကိုးကွယ်နိုင်အောင် မိမိ၌ ကရုဏာ (မေတ္တာ)နှင့် ပညာရှိဖို့ လို၏။ သို့မှသာ ကုသိုလ်နှင့် အကုသိုလ်ကို အသုံးချကိရိယာအဖြစ် အသုံးချနိုင်မည် ဖြစ်ပေသည်။

ဝေဒန္တဝါဒအရ လောကရှိ အရာဝတ္ထုအားလုံးကို တစ်ခုတည်း အဖြစ် မြင်ရမည်ဟု သွန်သင်၍၊ ဂျိန်းဝါဒအရ အများအဖြစ် မြင်ရမည်ဟု သွန်သင်၏။ ဝေဒန္တဝါဒအရ "တစ်ခု"တည်းကား ပရမတ္ထအားဖြင့် "အတ္တ"ပင်တည်း။ ဂျိန်းဝါဒအရ "အများ"ကား ပရမတ္ထအားဖြင့် "အတ္တ"ပင်တည်း။

ဂျိန်းဝါဒသည် "အတ္တ"ကို လက်ခံသော်လည်း "တစ်ခု"တည်း အနေဖြင့် လက်မခံဘဲ "အများ"အနေဖြင့် လက်ခံသည်။ ဗုဒ္ဓဝါဒအရ ဆိုပါမူ လောဘအုပ်စုတွင် ဒိဋ္ဌိနှင့် မာနဟူ၍ နှစ်မျိုးရှိ၏။ ဒိဋ္ဌိဟူသည် အများကို တစ်ခုတည်းအဖြစ် မြင်သော သဘောတည်း။ မာနဟူသည် တစ်ခုတည်းကို အများအဖြစ် မြင်သော သဘောတည်း။ ဒိဋ္ဌိနှင့်မာန နှစ်မျိုးလုံးပင် အတ္တကို စွဲယူသော "ဂါဟ"ဖြစ်ခြင်းကြောင့် အတ္တဟူ၍ ပင် သုံးကြ၏။

ဒိဋ္ဌိအတ္တဖြင့် လောကကို မြင်သောအခါ မြင်သူတိုင်းကို တစ်ခု တည်းအဖြစ် မြင်၏။ ထိုတစ်ခုတည်းကား သူ၏ အသုံးချကိရိယာ၊





သူ၏ တပည့်တပန်း၊ သူ၏ အလုပ်အကျွေး၊ သူ၏ ကျေးကျွန်သာ တည်း။

ထိုအမြင်ဖြင့် လောကကို ချစ်၏။ သူ၏ အချစ်သည် မေတ္တာ မဟုတ်။ ဒိဋ္ဌိဂတသမ္ပယုတ် လောဘသာ ဖြစ်၏။ ထိုအချစ်ဖြင့် အတ္တကို ပါး၍ ပါး၍ သွားအောင် ကျင့်၍ မရ။ အတ္တကို ထွား၍ ထွား၍ လာအောင်သာ ကျင့်၍ ရလေသည်။ အဘယ်ကြောင့်ဆိုသော် သူ၏ အချစ်သည် သူ့ကိုယ်ကို "ကျေးဇူးရှင်"၊ "ဆရာကြီး"၊ "အလိုအတိုင်း ဖြစ်စေနိုင်သူ" နေရာ၌ ရှိစေလိုမှုအပေါ် အခြေတည်သောကြောင့် ဖြစ်၏။

မာနအတ္တဖြင့် လောကကို မြင်သောအခါ မြင်သူတိုင်းကို အုပ်စု ခွဲ၏။ အတန်းအစား ခွဲ၏။ အသင်းအပင်း ဖွဲ့၏။ အနီးလူ၊ အဝေးလူ သတ်မှတ်၏။ ကျောသားရင်သား ခွဲ၏။ ထိုအမြင်ဖြင့် လောကကို နှစ်၏။ ထိုအချစ်ကား ဘက်လိုက်သော အချစ်ဖြစ်၏။ တရားကိုယ် အားဖြင့် ဒိဋ္ဌိဂတဝိပ္ပယုတ် လောဘဖြစ်၏။ မေတ္တာ မဟုတ်။

ထိုအချစ်ဖြင့် အတ္တကို ပါး၍ ပါး၍သွားအောင် ကျင့်၍ မရ။ အတ္တကို ထွား၍ ထွား၍ လာအောင်သာ ကျင့်၍ ရလေသည်။ အဘယ် ကြောင့်ဆိုသော် သူ၏ အချစ်သည် အဂတိ လိုက်ခြင်းဖြင့် ကန့်သတ်မှု အပေါ် အခြေတည်သောကြောင့် ဖြစ်လေသည်။ သို့ဖြစ်၍ ဤအချစ် များကို မေတ္တာ၌ မထည့်သွင်းဘဲ တဏှာ၌ ထည့်သွင်းခြင်း ဖြစ်သည်။

မိဘသည် သားသမီးများကို မိမိ၏ အကျိုးစီးပွားအတွက် အသုံး ချ ကိရိယာအဖြစ်၊ အလုပ်အကျွေးအဖြစ်၊ ကျေးကျွန်အဖြစ် မည်သည့် အခါမျှ မမြင်၊ ရတနာများ အဖြစ်သာ မြင်သည်။ ထိုအမြင်ဖြင့်သာ ချစ်သည်။ ထို့အပြင် သားသမီးများကို ကောင်းစေလိုခြင်းကိစ္စ၌ မည်သည့် အခါမှ မခွဲခြား။ အားလုံးကို ကောင်းစေလို၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ မိဘ၏ အချစ်ကို မေတ္တာအဖြစ် မေတ္တာသုတ်၌ ပုံစံထုတ်ခြင်း ဖြစ်သည်။ လောကကို ထိုအချစ်မျိုးဖြင့် ချစ်ရန် ညွှန်ကြားခြင်း ဖြစ်သည်။ အမှန်အားဖြင့် မေတ္တာဟူသည် ပေးသူဘက်၌ အကန့်အသတ် မရှိ၊ ခံယူသူ ဘက်၌သာ အကန့်အသတ် ရှိသည်။ မိုးရေခံယူသကဲ့သို့ အိုးနှင့်ခံလျှင် အိုးအပြည့် ရ၏။ ခွက်နှင့် ခံလျှင် ခွက်အပြည့်ရ၏။ မိုးဘက်ကမူ အကန့်အသတ် မရှိ၊ အပြည့်အဝ ရွာသွန်း၏။

အဝိဇ္ဇာ မကင်းကြသေးသဖြင့် ကျွန်ုပ်တို့၏ အမြင်များသည် မိမိတို့၏ ပတ်ဝန်းကျင် ဓလေ့တူ၊ စရိုက်တူ၊ ဉာဏ်တူ၊ ဝါသနာတူ အသိုက်အဝန်းတွင်း၌သာ မှန်၏။ ထို့ထက် ပို၍ မမှန်။ "ပုထုဇ္ဇနော ဥမ္မတ္တကော"ဟူသည့်အတိုင်း ပုထုဇဉ်များသည် စိတ္တဇဝေဒနာရှင်များကဲ့သို့ပင် ဖြစ်၏။

စိတ္တဇဝေဒနာရှင်များသည် အုတ်ခဲတုံးကိုလည်း ရွှေတုံးအဖြစ်မြင်၍ ပျော်၏။ တဲစုတ်ကိုလည်း နန်းတော်အဖြစ် မြင်၍ ပျော်၏။ အုတ်ခဲတုံးနှင့် တဲစုတ်တို့သည် စိတ္တဇဝေဒနာ မပျောက်သေးသမျှ ကာလပတ်လုံး စိတ္တဇ ဝေဒနာရှင်အတွက် ရွှေတုံးနှင့် နန်းတော်အဖြစ် "အမှန်သစ္စာ" (ပါရိဘာသိက သစ္စာ)များ ဖြစ်နေကြဦးမည် ဖြစ်၏။ စိတ္တဇဝေဒနာ ပျောက်သွားမှသာ အုတ်ခဲတုံးနှင့် တဲစုတ်ကို အမှန်အတိုင်း ပြန်မြင်ကြပေမည်။

ထို့ကြောင့် အုတ်ခဲတုံးနှင့် တဲစုတ်ကို အမှန်အတိုင်း ပြန်မြင်နိုင်ရေးအတွက် စိတ္တဇဝေဒနာကို ပျောက်အောင် ကုသဖို့ အရေးကြီး၏။ ထိုနည်းအတူပင် ဤလောကတွင် အချို့သူများက သူများအပေါ် "ကျော"လိုက်ရသည်ကို "အဟုတ်ကြီး"မှတ်၍ ပျော်၏။ အချို့သူများက မမှန်ကန်သော နည်းလမ်းများဖြင့် မယူသင့်ပါဘဲလျက် အရယူနိုင်သည်ကို "အဟုတ်ကြီး"မှတ်၍ ပျော်၏။





အချို့သူများက မိမိ၏ အစီးအပွားအတွက် သူများကို စတေးသည်ကိုပင် တရားသည်ထင်၍ ပျော်၏။ ပျော်ရုံသာ မဟုတ်၊ မိမိတို့ ဆော်ကြောင်းလည်း ဥဒါန်းကျူးကြ၏။ ထိုအမြင်များသည် ထိုပုဂ္ဂိုလ်များအတွက် "အမှန်သစ္စာ" (ပါရိဘာသိက သစ္စာ)များ ဖြစ်ကြ၏။

သို့ရာတွင် ထိုအမှန်သစ္စာများသည် ဗုဒ္ဓဒေသနာတော်အရ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝတို့တွင် ထိုက်သင့်သလိုသာ ဖြစ်ကြ၏။ သို့ဖြစ်သော်လည်း ထိုပုဂ္ဂိုလ်များအား ထိုအမြင်မျိုး မမြင်ရန် လျှာတိုအောင် ဟောသော်လည်း သဘောပေါက်မည် မဟုတ်။

စိတ္တဇဝေဒနာနှင့်တူသော၊ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် ဖွဲ့လမ်းအပ်သော အတ္တကို ပါး၍ ပါး၍ သွားအောင် ကုရန်သာ ရှိသည်။ အတ္တပါးလျှင် ပါးသလောက် အမြင်မှား အဝိဇ္ဇာ ပျောက်ပေလိမ့်မည်။ အဝိဇ္ဇာ ပျောက်လျှင် ပျောက်သလောက် အမြင်မှန်ဝိဇ္ဇာ ရောက်ပေလိမ့်မည်။

အဝိဇ္ဇာပျောက်၍ ဝိဇ္ဇာရောက်ရေးအတွက် အနတ္တအမြင်ဖြင့် ကုသိုလ်နှင့် အကုသိုလ်ကို မဂ္ဂင်ထိုက်အောင် ပြုပြင်၍ လမ်းစဉ်အဖြစ် အသုံးချရန် လိုအပ်၏။ ထိုကဲ့သို့ အသုံးချမည် ဆိုပါက ကရုဏာ (မေတ္တာ)နှင့် ပညာကို ပွားရန် လိုအပ်၏။ ကရုဏာနှင့် ပညာလည်း အစစ်အမှန် ဖြစ်ဖို့ လိုအပ်၏။

ကရုဏာတုဖြစ်လျှင် မိမိအတွက် မကောင်းစေကာမူ သူတစ်ပါးအတွက် ကောင်းတတ်၏။ ပညာတုဖြစ်လျှင် သူတစ်ပါးအတွက် မကောင်းစေကာမူ မိမိအတွက် ကောင်းတတ်၏။ ကရုဏာနှင့် ပညာ အစစ် ဖြစ်ပါမှ မိမိအတွက်နှင့် သူတစ်ပါးအတွက် ကောင်း၏။

မြတ်စွာဘုရား၏ သာသနာတော်နှင့် ကြုံခိုက် ဗုဒ္ဓဘာသာဝင်များ ဖြစ်သည့်အားလျော်စွာ ဘဝရှိသရွေ့ ရှောင်လွှဲ၍ မရကောင်းသော ကုသိုလ်နှင့် အကုသိုလ်ကို မြတ်စွာဘုရား၏ အလိုကျအတိုင်း ယောနိ



www.burmeseclassic.com

www.burmeseclassic.com



အပေါင်းပါများနှင့် တကွ ဝိဋူဍူဘကို သမုဒ္ဒရာသို့ သယ်ဆောင်သွားလေ၏။ ဝိဋူဍူဘနှင့်တကွ အပေါင်းပါတို့၏ သေခြင်းသည်လည်း အသေဆိုးပင် ဖြစ်၏။

မိမိကိုယ်ကို မိမိ ဟုတ်လှပြီဟုဆိုပြီး အခွင့်သာစဉ်က ရမ်းကားမှုကြောင့် ခမည်းတော် ပသေနဒီ ကောသလမင်းကြီးသည်လည်း အသေဆိုးဖြင့် သေရ၏။ သားတော် ဝိဋူဍူဘသည်လည်း အသေဆိုးဖြင့် သေရ၏။ ထိုသို့ သေရခြင်းသည် မည်သူ့ကြောင့်မျှ မဟုတ်။ မိမိကိုယ်တိုင် ပြုခဲ့သော အတ္တနှင့် မာန၏ အကျိုးပေးကြောင့်သာ ဖြစ်၏။

စင်စစ် ပုထုဇဉ်များအနေဖြင့် အတ္တနှင့် မာန မကင်းနိုင်လေရာ အတ္တဖြစ်လျှင် အတ္တဖြစ်မှန်းသိအောင်၊ မာနဖြစ်လျှင် မာနဖြစ်မှန်းသိအောင် အားထုတ်ရ၏။ ယင်းသို့ သိခြင်းပင်လျှင် ယထာဘူတဉာဏ် ဖြစ်၏။ ယထာဘူတဉာဏ် ဟူသည် ကုသိုလ် ဖြစ်၏။ ကုသိုလ် ဖြစ်လျှင် ကောင်းကျိုးကို ပေးပါ၏။

[ စံပြမ်မဂ္ဂဇင်း၊ အမှတ် ၁၇၅၊ ဇွန်လ ၁၉၉၃ ]

## ဃောသကသူဌေး

မြတ်စွာဘုရား ပွင့်တော်မမူမီအချိန်နှင့် မြတ်စွာဘုရား ပွင့်တော်မူသောအချိန်တို့၏ ကြားကာလအတွင်း ဖြစ်ခဲ့သော ဖြစ်ရပ်မှန် ဖြစ်၏။ မဇ္ဈိမဒေသတွင် အလ္လကပ္ပတိုင်းဟူ၍ တိုင်းတစ်ခု ရှိ၏။ ထိုတိုင်းတွင် ဒုဗ္ဘိက္ခန္တရကပ် ဆိုက်၏။ ထိုအခါ ကောတူဟလိကသည် မိမိ၏ဇနီးကာဠီ၊ သားငယ် ကာပီနှင့်အတူ အလ္လကပ္ပတိုင်းမှ ကောသမ္ဗီပြည်သို့ ပြောင်းသွားကြ၏။ သားငယ် ကာပီမှာ ထိုင်နိုင်စ အရွယ်မျှသာ ရှိသေး၏။ ကောသမ္ဗီသို့ ပြောင်းသွားရာတွင် ခြေကျင် ပြောင်းသွားရခြင်း ဖြစ်၏။ လမ်းခရီး၌ စားဖို့ ရိက္ခာကိုလည်း သယ်ရ၏။ သားငယ်ကာပီကိုလည်း လင်တစ်လှည့်၊ မယားတစ်လှည့် ချီပိုးရ၏။ အလွန်ပင်ပန်းသော ခရီးပေတည်း။

လမ်းခရီး၌ ရိက္ခာ ပြတ်လေ၏။ ရိက္ခာပြတ်သဖြင့် ငတ်မွတ်ခြင်းကြောင့် ပင်ပန်းလှ၏။ ထို့အပြင် သားငယ် ကာပီကို ချီပိုးရခြင်းကြောင့်လည်း ပင်ပန်းလှ၏။ ထိုအခါ ကောတူဟလိကသည် ဇနီးကာဠီအား သားငယ် ကာပီကို စွန့်ပစ်လိုက်ရန် အကြံပြု၏။ ဇနီး



www.burmeseclassic.com

www.burmeseclassic.com



ကာဠီက သဘောမတူ။ "ကိုယ်မချိက အမိသော်လဲ သားတော်ခဲ" ဟူသော စကားပုံသည် လည်းကောင်း၊ "ကမ္ဘာမီးလောင် သားကောင်ချနင်း" ဟူသော စကားပုံသည် လည်းကောင်း ဖခင် ကောတူဟာလိက အတွက် မှန်သော်လည်း၊ မိခင် ကာဠီအတွက် မမှန်ချေ။

သားငယ် ကာပီသည် ဖခင် တစ်လှည့်၊ မိခင် တစ်လှည့် ပြောင်းရွှေ့ဖန်များသဖြင့် ပင်ပန်းလွန်း၍ ဖခင်၏ လက်ပေါ်တွင် အိပ်ပျော်သွား၏။ ထိုအခါ ကောတူဟာလိကသည် ဇနီး ကာဠီအား ရှေ့က သွားစေပြီး၊ သူကမူ နောက်ချန်ရစ်ကာ မိမိအကြံနှင့် မိမိ ဖြည်းဖြည်းချင်း နောက်က လိုက်၏။ ဇနီး ကာဠီနှင့် အတော်အတန် အလှမ်းကွာဝေးသွားသောအခါ ကောတူဟာလိကသည် အိပ်ပျော်သွားသော သားငယ်ကို ချုံပုတ်တစ်ခုအောက်၌ သစ်ရွက်တို့ကို ခင်းပြီး သစ်ရွက်ခင်းပေါ်၌ ညင်သာစွာ ချသိပ်ကာ စွန့်ပစ်ခဲ့၏။

ဤမကောင်းမှုသည် ကောတူဟာလိကအား အကြောင်းအကျိုးဆိုင်ရာ ကမ္မနိယာမအရ သံသရာ၌ ကျင်လည်ရစဉ် ဃောသကဘဝ၌ ခုနစ်ကြိမ်တိုင်တိုင် စွန့်ပစ်ခြင်းခံရအောင် အကျိုးပေးမည်ကို ကောတူဟာလိက မသိ။ မသိ၍လည်း ထိုကဲ့သို့သော မကောင်းမှုကို ကောတူဟာလိက က ကျူးလွန်ရဲခြင်း ဖြစ်၏။

ကမ္မနိယာမအရ ကုသိုလ်ကံ ဖြစ်စေ၊ အကုသိုလ်ကံ ဖြစ်စေ နိဗ္ဗာန်ကို မျက်မှောက်ပြု၍ ပရိနိဗ္ဗာန် မစံမချင်း အဟောသိကံအဖြစ်သို့ မရောက်ပါက တူသော အကျိုးကို ပေးမြဲ ဖြစ်၏။ ထို့ကြောင့် 'ငါ သော်လည်းကောင်း၊ အခြားတစ်ဦးတစ်ယောက် သော်လည်းကောင်း ကံ၏ အကျိုးကို တားမြစ်ခြင်းငှာ မတတ်ကောင်း' ဟူ၍ မြတ်စွာဘုရား ဟောတော်မူခြင်း ဖြစ်၏။

သို့ရာတွင် တစ်ကိုယ်ကောင်းသမားများသည် မိမိဘဝ ချမ်းသာ





ရေးကိုသာ မြင်တတ်သော "ဘဝနိကန္တိကတဏှာ" ကြောင့် ဤလောက၌ မလုပ်သင့်သည်များကို လုပ်ကြ၏။

ကောတူဟာလိကသည် သားငယ်ကို စွန့်ပစ်ပြီးနောက် ဆက်လက်၍ သွားရာ ဇနီး ကာဠီကို မီလာ၏။ ကာဠီက ကောတူဟာလိက လက်ထဲ၌ သားငယ်ကို မတွေ့သဖြင့် မေးမြန်းရာ ကောတူဟာလိက က စွန့်ပစ်ခဲ့ကြောင်း ပြန်ပြော၏။ ထိုအခါ သားသမီးများအပေါ် ဤမျှလောက် ရက်စက်သော ဖခင်မျိုးနှင့် ရှေ့ဆက်လက်ပြီး မဆက်ဆံလိုတော့ကြောင်း ကာဠီက ပြောသောအခါမှ ကောတူဟာလိကသည် သားငယ်ကို ပြန်ခေါ်၏။ သို့ရာတွင် သားငယ်သည် ပင်ပန်းမှုအမျိုးမျိုးဒဏ်ကြောင့် သက်ဆိုး မရှည်ရှာ၊ လမ်းခရီးတွင်ပင် ကွယ်လွန်လေ၏။

ကောတူဟာလိကနှင့် ကာဠီ ဇနီးမောင်နှံ နှစ်ယောက်တို့သည် ခရီးဆက်လက် သွားကြရာ နွားကျောင်းသား အိမ်သို့ ရောက်၏။ ထိုနေ့၌ နွားကျောင်းသားသည် နို့ညှစ်မင်္ဂလာပွဲတော် ကျင်းပ၏။ မိမိ ကိုးကွယ်သော ပစ္စေကဗုဒ္ဓါအား ပင့်၍ နို့ဃနာဆွမ်း ဆက်ကပ်၏။ ကြွလာသော ပရိသတ်အားလည်း နို့ဃနာဖြင့် ကျွေးမွေး ညှိခံ၏။ ပရိသတ်ထဲတွင် ကောတူဟာလိကနှင့် ကာဠီတို့အားလည်း ပါဝင်၏။

ထို့ကြောင့် အလှူရှင် နွားကျောင်းသားက ကောတူဟာလိကနှင့် ကာဠီတို့အားလည်း နို့ဃနာဖြင့် ကျွေးမွေးညှိခံ၏။ ကောတူဟာလိက ဇနီးမောင်နှံ နှစ်ယောက်တို့ အာဟာရ ပြတ်ခဲ့သည်မှာ ရက်သတ္တပတ်ကျော်ခဲ့ပြီ။ ထို့ကြောင့် ကောတူဟာလိကသည် ဆာဆာနှင့် နို့ဃနာကို အတိုင်းထက်အလွန် စားမိလေ၏။ ကာဠီမှာမူကား မိမိ၏ လင်ကို ငဲ့ညှာလျက် သင့်တင့်လျောက်ပတ်ရုံသာ စား၏။

နွားကျောင်းသားသည် နောက်ဆုံး၌ မိမိကိုယ်တိုင် စား၏။ အိမ်ရှိ ခွေးမကြီးအားလည်း နို့ဃနာကို အဝကျွေး၏။ နို့ဃနာကို



www.burmeseclassic.com

www.burmeseclassic.com



အားရပါးရ စားနေသော ခွေးမကြီးကို ကြည့်ရင်း "အငတ်ငတ် အပြတ်ပြတ်နှင့် ငါတို့လို လူဖြစ်ရသည်ထက် ဤအိမ်၌ နို့ဃနာစားပြီး ခွေးဖြစ်ရသည်က ကောင်းသေး၏"ဟု ကောတူဟလိက စဉ်းစားမိ၏။ ထိုည၌တွင် ကောတူဟလိကသည် အစာမကြေသော ရောဂါဖြင့် ကွယ်လွန်၏။ ခွေးဘဝ၌ တပ်မက်သော စိတ်ကြောင့် ထိုအိမ်ရှိ ခွေးမကြီး၏ ဝမ်းဗိုက်၌ ပဋိသန္ဓေ နေ၏။

အစာအာဟာရကို စားခြင်းသည် ကျင့်စဉ်အရ အရေးကြီး၏။ မိမိနှင့် သင့်လျော်သော အစာအာဟာရ ဖြစ်ဖို့လည်း လို၏။ အတိုင်းအရှည်ကို သိဖို့လည်း လို၏။ အစာအာဟာရကို ဝအောင် မစားဘဲ လေးလုတ်၊ ငါးလုတ်စာ ချန်၍ စားပြီး ရေကို သောက်ရမည်ဟု မူလဋီကာ ဆရာက ဆို၏။ ဤသည်မှာ အတိုင်းအရှည်ကို သိနည်းဖြစ်၏။

အစာအာဟာရကို အတိုင်းအရှည်အရ စားခြင်းသည် အကျင့်စရဏ၌ ပါဝင်၏။ အကျင့်စရဏ မှန်ကန်ပါမှ အသိဝိဇ္ဇာ ထက်မြက်၏။ ထို့ကြောင့် အစာအာဟာရ စားသောက်ခြင်းနှင့် ပတ်သက်၍ အသိဝိဇ္ဇာကို အထောက်အကူ ပြုနိုင်ရေးအတွက် ပိဋကတ်တော်၌ အစာအာဟာရ စားသောက်ရာတွင် အတိုင်းအရှည် သိမှုကို ကျင့်ဝတ်တစ်ပါးအနေဖြင့် ထည့်သွင်း ဟောတော်မူခြင်း ဖြစ်၏။

ကောတူဟလိကသည် အစာအာဟာရ စားသောက်ခြင်းနှင့် ပတ်သက်၍ ကျင့်ဝတ်ကို မလိုက်နာဘဲ အလွန်အကျွံ စားသောက်ခဲ့၏။ ထိုအခါ အကျင့်စရဏ ပျက်၏။ အကျင့်စရဏ ပျက်သောအခါ အသိဝိဇ္ဇာ မထက်မြက်တော့။ ထို့ကြောင့် သူသည် ရခဲလှစွာသော လူ့ဘဝထက် အစားကောင်းစားရသော တိရစ္ဆာန်ဘဝကို တန်ဖိုးထားခြင်း ဖြစ်၏။ တန်ဖိုးထားသည့် အလျောက်လည်း သူ ကွယ်လွန်သောအခါ ခွေးဖြစ်သွားရ၏။





တောင့်တခြင်းသည် နှစ်မျိုးရှိ၏။ တောင့်တခြင်း တစ်မျိုးကို တဏှာဖြင့် တောင့်တခြင်းဟု ဆို၏။ ယင်းတောင့်တခြင်းကို ပါဠိဝေါဟာရဖြင့် တဏှာပတ္ထနာဟု သုံး၏။ အခြား တောင့်တခြင်းတစ်မျိုးကို ဆန္ဒဖြင့် တောင့်တခြင်းဟု ဆို၏။ ယင်းတောင့်တခြင်းကို ပါဠိဝေါဟာရဖြင့် ဆန္ဒပတ္ထနာဟု သုံး၏။ တဏှာဖြင့် တောင့်တခြင်းသည် တစ်ကိုယ်ကောင်းသမားများ အနေဖြင့် မိမိအတွက် တောင့်တခြင်း ဖြစ်၏။ ဆန္ဒဖြင့် တောင့်တခြင်းသည် မြင့်မြတ်သူများအနေဖြင့် လောကအတွက် တောင့်တခြင်း ဖြစ်၏။

မိမိအတွက် တောင့်တပါက မိမိ၏ အကျိုးစီးပွားကိုသာ ရှေ့တန်းတင်၍ ဆောင်ရွက်တတ်သူ ဖြစ်၏။ ကောတူဟလိကကား သူ၏ အကျိုးစီးပွားအတွက်သာ တောင့်တသူ ဖြစ်၏။ ထို့ကြောင့် ခွေးဖြစ်ရခြင်း ဖြစ်၏။

ကောတူဟလိက ကွယ်လွန်လေသောအခါ ဇနီးဖြစ်သူ ကာဠီသည်လည်း နွားကျောင်းသား၏ အိမ်၌ပင် အခစား လုပ်၏။ ကောတူဟလိက ဝင်စားသည့် ခွေးသည်လည်း နွားမတစ်ကောင်၏ နို့ကို အပိုင်စားရ၏။ နွားကျောင်းသားသည် ပစ္စေကဗုဒ္ဓါကို ကိုးကွယ်သူဖြစ်ရာ ပစ္စေကဗုဒ္ဓါအား နေ့စဉ် အိမ်သို့ ပင့်၍ ဆွမ်းကပ်၏။ ခွေးငယ်သည် အရွယ်သို့ ရောက်သောအခါ နွားကျောင်းသားနှင့် အတူ ပစ္စေကဗုဒ္ဓါ၏ ကျောင်းသင်္ခမ်းသို့ နေ့စဉ်လိုက်၏။ နွားကျောင်းသား၏ အိမ်၌ ပစ္စေကဗုဒ္ဓါ ဆွမ်းစားသောအခါ ပစ္စေကဗုဒ္ဓါက ခွေးငယ်အား နေ့စဉ် ထမင်းခဲကို ပေး၏။ ထို့ကြောင့် ခွေးငယ်သည် ပစ္စေကဗုဒ္ဓါ၌ ချစ်ခင်၏။

နွားကျောင်းသားသည် ပစ္စေကဗုဒ္ဓါကို အပင့်သွားတိုင်း လမ်းခရီးရှိ ချုံပုတ်များ၌ သားရဲများ မခိုအောင်းနိုင်စေရန် တုတ်ဖြင့် ရိုက်ခတ်



www.burmeseclassic.com

www.burmeseclassic.com



၍ သွားၿ၏။ နွားကျောင်းသားနှင့်အတူ ပါလာသော ခွေးငယ်သည် ထိုအခြင်းအရာကို နေ့စဉ် မြင်တွေ့၏။ နွားကျောင်းသားက ပစ္စေကဗုဒ္ဓါအား 'အကယ်၍ တပည့်တော် မလာရောက်နိုင်ပါက ဤခွေးငယ်ကို လွှတ်၍ အရှင်မြတ်အား ပင့်ပါမည်။ ထိုအခါ အိမ်သို့ ဆွမ်းအလှူခံ ကြွတော်မူပါဘုရား'ဟူ၍ လျှောက်ထား၏။ နွားကျောင်းသား မအားလပ်သည့်အခါ ခွေးငယ်က ပစ္စေကဗုဒ္ဓါအား သွားရောက်၍ ပင့်၏။ ထိုသို့ ပင့်တိုင်း နွားကျောင်းသားနည်းတူ ချုံပုတ်အတွင်းရှိ သားရဲများကို ထွက်သွားစေရန် ဟောင်၏။ ပစ္စေကဗုဒ္ဓါလည်း အိမ်သို့ ကြွ၍ ဆွမ်းအလှူကို ခံယူ၏။

နွားကျောင်းသားသည် ပစ္စေကဗုဒ္ဓါအား သင်္ကန်းလျာပုဆိုးကို လှူ၏။ ထိုအခါ ပစ္စေကဗုဒ္ဓါသည် သင်္ကန်းချုပ်ရန် ဂန္ဓမာဒနတောင်သို့ ကြွတော်မူ၏။ နွားကျောင်းသားနှင့် ခွေးငယ်တို့သည် ပစ္စေကဗုဒ္ဓါအား ခရီးဆုံးတိုင်အောင် လိုက်၍ ပို့၏။ ပစ္စေကဗုဒ္ဓါသည် ကောင်းကင်ခရီးဖြင့် ကြွတော်မူ၏။ ခွေးငယ်သည် မျက်စိတစ်ဆုံးကြည့်ကာ ကြေကွဲဖွယ်ရာ အသံဖြင့် ဟောင်လေ၏။ ပစ္စေကဗုဒ္ဓါကို မမြင်ရတော့သည်နှင့် တစ်ပြိုင်နက် ခွေးငယ်သည် နှလုံးသားကွဲ၍ သေရှာ၏။

ပစ္စေကဗုဒ္ဓါ၌ ကြည်ညိုရသော ကောင်းမှုကြောင့် တာဝတိံသာ၌ နတ်သားဖြစ်၏။ ပစ္စေကဗုဒ္ဓါအား မြတ်နိုးကြည်ညိုစိတ်ဖြင့် ဟောင်ခဲ့၊ အူခဲ့သော ကောင်းမှုကံကြောင့် အသံသြဇာနှင့် ပြည့်စုံ၏။ ထို့ကြောင့် ဃောသကနတ်သား ဟူ၍ နတ်ပြည်၌ ထင်ရှား၏။

တိရစ္ဆာန်တို့သည် ဖြောင့်မတ်ကြ၏။ မကောက်ကျစ်ကြ။ လူတို့သည်သာ စိတ်ဖြင့် ကြံစည်သည်က တစ်မျိုး။ နှုတ်ဖြင့် ပြောဆိုသည်က တစ်မျိုး။ ဤသဘောကို ရည်ရွယ်၍ မဇ္ဈိမပဏ္ဏာသ ပါဠိတော်၌ 'လူတို့၏ အမှုအရာသည် ဖုံးအုပ် ကွယ်ဝှက်၏။ တိရစ္ဆာန်တို့၏ အမူ





အရာသည် ပေါ်လွင် ထင်ရှား၏'ဟူ၍ ဟောတော်မူခြင်း ဖြစ်၏။ ခွေးငယ် သေဆုံး၍ တာဝတိံသာ၌ နတ်သားဖြစ်ရခြင်းသည် ဖြောင့်မတ်သော စိတ်၊ မကောက်ကျစ်သော စိတ်ကြောင့် ဖြစ်ရခြင်း ဖြစ်သည်ဟု အဋ္ဌကထာ ဆရာက ဆို၏။

ဃောသက နတ်သားသည် တာဝတိံသာ၌ ဖြစ်ရသော်လည်း ကြာမြင့်စွာ မတည်။ နတ်ပြည်မှ စုတေ၍ ကောသမ္ဗီပြည်၌ ပြည့်တန်ဆာမ၏ ဝမ်းဝယ် ပဋိသန္ဓေ တည်၍ ပြည့်တန်ဆာမ၏ သား ဖြစ်လာ၏။ ပြည့်တန်ဆာမတို့၏ ထုံးစံအတိုင်း သမီးမွေးလျှင်သာ အမွေဆက်ခံနိုင်အောင် ပြုစု၏။ သား မွေးလျှင်ကား စွန့်ပစ်၏။

ထို့ကြောင့် မိခင် ပြည့်တန်ဆာမသည် မိမိသား ဃောသကကို အမှိုက်ပုံ၌ စွန့်ပစ်လိုက်၏။ ခွေးနှင့် ကျီးတို့သည် တသောသောဖြင့် ဝန်းရံကုန်၏။ သို့ရာတွင် ပစ္စေကဗုဒ္ဓါ၌ ကြည်ညိုသော ကောင်းမှုကံကြောင့် ဃောသကကို အန္တရာယ် မပြုကြ။ ထိုအခါ မြို့သားတစ်ယောက်က မြင်၍ သားအမှတ်ဖြင့် ကောက်ယူမွေးစား၏။ ဤသည်မှာ ဃောသကအတွက် ပထမ ဝိပါက်လိုက်ခြင်း ဖြစ်၏။

ကောသမ္ဗီ သူဌေးကြီးသည် မဏ္ဍရာဇာမင်းကြီးကို ခစားရန် နန်းတော်သို့သွားရာ လမ်း၌ ပုရောဟိတ်ကို တွေ့မြင်၏။ နိုင်ငံတော်၏ အခြေအနေကို မေးမြန်းရာ နိုင်ငံတော်အတွက် ထူးခြားသော ဖြစ်ရပ်များ မရှိကြောင်း၊ သို့ရာတွင် အမြင် နက္ခတ်အရ ယနေ့ မွေးဖွားသော ကလေးသည် ဤနိုင်ငံတော်၌ သူဌေးကြီးဖြစ်လိမ့်မည် ဖြစ်ကြောင်း ဟောကြားလေရာ၊ သူဌေးကြီးက ကိုယ်ဝန် အရင့်အမာ ရှိနေသော မိမိ၏ဇနီး သားဖွား မဖွား သွားရောက်ကြည့်ရှုရန် [illegible] တစ်ယောက်အား အိမ်သို့ လွှတ်လိုက်၏။ အစေအပါး [illegible]

www.burmeseclassic.com



သေးကြောင်း သူဌေးကြီးအား ပြန်ကြား၏။ ထိုအခါ သူဌေးကြီးသည် မင်းကြီးအား ဖူးမြင်၍ လျင်မြန်စွာ အိမ်သို့ ပြန်လေ၏။

သူဌေးကြီးသည် အိမ်သို့ ရောက်သောအခါ မိမိ၏ လူယုံ ကျွန်မ ကာဠီအား 'ယနေ့ မွေးဖွားသော ကလေးကို တွေ့အောင်ရှာပြီး ဆိုင်ရာ မိဘတို့အား အသပြာ တစ်ထောင်ပေး၍ ကလေးကို ရအောင် ယူခဲ့'ဟု မှာကြားပြီး အသပြာ တစ်ထောင်ကို ကျွန်မအား ပေးလိုက်၏။ ကျွန်မ ကာဠီသည်လည်း ဃောသကကို ယူဆောင်သွားသော အိမ်ကို တွေ့ အောင် ရှာပြီးလျှင်၊ အသပြာ ~ ထောင်ကို အိမ်ရှင်တို့အား ပေးပြီး ဃောသကကို ယူလာ၏။

သူဌေးကြီးသည် ဃော.ကကို မြင်လျှင် "အကယ်၍ ငါ၏ ဇနီးသည် သမီးကို ဖွားမြင်ပါက ဤသူငယ်နှင့် ထိမ်းမြားပေးမည်။ သားကို ဖွားမြင်ပါက ဤသူငယ်ကို ဖျောက်ဖျက်ပစ်မည်'ဟု ကြံစည်၍ ဃောသကကို အိမ်၌ ကျွေးမွေး ပြုစုထား၏။ နှစ်ရက်၊ သုံးရက် ကြာလျှင် သူဌေးကတော်ကြီးက သားကလေးကို မွေး၏။ ထိုအခါ ကောသမ္ဗီ သူဌေးကြီးသည် ဃောသကကို မသေ သေအောင် သတ်ရန် အားထုတ်ရတော့၏။

သူဌေးကြီးသည် ကာဠီကျွန်မအား ဃောသကကို ယူ၍ နွားခြံ၌ ထားရန် ညွှန်ကြား၏။ နံနက် နွားများ ထွက်သောအခါ နွားနင်းပြီး ဃောသက သေစေရန် ဖြစ်၏။ သို့ရာတွင် နံနက်၌ နွားထိန်းသည် ခြံကို ဖွင့်၍ နွားများကို လွှတ်၏။ နွားလားဥသဘကြီးသည် ရှေ့ဆုံးမှ ထွက်လာပြီး ဃောသကအပေါ် လေးဖက်ထောက်၍ ရပ်ကာ အခြား နွားများ နင်းမသွားနိုင်အောင် ကာကွယ်ထား၏။ အခြားနွားများသည် နွားလားဥသဘကြီးကို ပွတ်၍ ထွက်သွားကြ၏။ နောက်ဆုံးမှ နွားလား ဥသဘကြီးက ထွက်၏။





ထိုအခါ နွားထိန်းသည် ဃောသကကို တွေ့၏။ တိရစ္ဆာန်များ ကတောင် အကာအကွယ်ပေးလောက်အောင် ဘုန်းကံရှိသူအဖြစ် မှတ်ယူ၍ နွားထိန်းက ဃောသကအား ကောက်ယူမွေးစား၏။ ကာဠီကျွန်မ သည် ဖြစ်ရပ်အစုံကို သူဌေးကြီးအား ပြန်ပြော၏။ ဤသည်မှာ ဃော သကအတွက် ဒုတိယအကြိမ် ဝိပါက်လိုက်ခြင်း ဖြစ်၏။

သူဌေးကြီးသည် ကာဠီကျွန်မအား နွားထိန်းထံမှ ဃောသကကို အသပြာတစ်ထောင် ပေး၍ ယူစေပြန်၏။ ကောသမ္ဗီပြည်မှ ထွက်ခွာ ကြကုန်သော ကုန်သည်တို့၏ လှည်းငါးရာ လမ်းမကြောင်း၌ ဃော သကအား သွားရောက်ချထားရန် သူဌေးကြီးက ကာဠီကျွန်မအား ညွှန်ကြားပြန်၏။ ကာဠီကျွန်မကလည်း သူဌေးကြီး ခိုင်းသည့်အတိုင်း ပင် ဃောသကကို လှည်းလမ်းမကြောင်း၌ သွားရောက်ချထား၏။

နံနက်စောစော၌ လှည်းငါးရာတို့သည် ထိုလမ်းမကြီးအတိုင်း သွားကြ၏။ ခေါင်းဆောင်လှည်းမှူးသည် ရှေ့ဆုံးက သွား၏။ ဃော သက အနီးသို့ ရောက်သောအခါ နွားများသည် မသွားတော့ဘဲ ပေ၍ ခံ၏။ ဘယ်လိုပင် မောင်းမောင်း မသွားတော့။ အရုဏ်တက်သောအခါ လှည်းမှူးသည် အရုဏ်ရောင်၌ ဃောသကကို တွေ့၏။ ထိုအခါ လှည်း မှူးသည် ဘုန်းကံရှိသူအဖြစ် သတ်မှတ်၍ ဃောသကကို ကောက်ယူ မွေးစား၏။ ကာဠီ ကျွန်မကလည်း ဖြစ်စဉ်များကို သူဌေးကြီးအား ပြန်ကြား၏။ ဤသည်မှာ ဃောသကအတွက် တတိယအကြိမ် ဝိပါက် လိုက်ခြင်း ဖြစ်၏။

ထို့နောက် သူဌေးကြီးသည် ငွေအသပြာတစ်ထောင်ဖြင့် ဃော သကကို လှည်းမှူးထံမှ ပြန်ယူစေပြီးလျှင် ကာဠီအား သုသာန်၌ ချထား စေပြန်၏။ ထိုအခါ ဆိတ်ကျောင်းသား တစ်ယောက်သည် ဆိတ်များကို သုသာန်၌ ကျောင်း၏။ ဆိတ်မကြီးတစ်ကောင်သည် မျှအောက်၌



www.burmeseclassic.com

www.burmeseclassic.com



ရှိသော ယောသကကို ဝပ်၍ နို့တိုက်၏။ ဆိတ်ကျောင်းသားမြင်လျှင် ကောက်ယူမွေးစားပြန်၏။ ကာဠီကလည်း ဖြစ်စဉ်များကို သူဌေးကြီး အား ပြန်ကြား၏။ ဤသည်မှာ ယောသကအတွက် စတုတ္ထအကြိမ် ဝိပါက်လိုက်ခြင်း ဖြစ်၏။

ထို့နောက် သူဌေးကြီးသည် ကာဠီအား ဆိတ်ကျောင်းသားထံမှ ယောသကကို အသပြာတစ်ထောင်ဖြင့် ပြန်ယူစေပြီး မြင့်မားသော တောင်ပေါ်မှ ပစ်ချ၍ သတ်စေပြန်၏။ ကာဠီကလည်း သူဌေးကြီး ညွှန်ကြားသည့်အတိုင်း ယောသကကို တောင်ချောက်ကြားသို့ ပစ်ချ လိုက်၏။ သို့ရာတွင် ယောသကသည် ချင်ရွှေးနွယ်ချုံပေါ်သို့ ကျသွား သဖြင့် တစ်စုံတစ်ရာ အန္တရာယ်မရှိဘဲ မူလပကတိ အတိုင်းပင် ရှိ၏။ ထရံရက်သူတို့သည် ဝါးခုတ်ရန် လာသောအခါ ကလေးငိုသံကို ကြား၍ တောင်ကမ်းပါးရှိ ချင်ရွှေးနွယ်ချုံပေါ်သို့ တက်ကြည့်လျှင် ယောသက ကို မြင်၏။ ကျူထရံရက်သူ အကြီးအကဲသည် ယောသကကို မွေးစား ပြန်၏။ ကာဠီကလည်း ဖြစ်ရပ်များကို သူဌေးကြီးအား ပြန်လည် ပြောကြား၏။ ဤသည်မှာ ယောသကအတွက် ပဉ္စမအကြိမ် ဝိပါက် လိုက်ခြင်း ဖြစ်၏။

ထို့နောက် သူဌေးကြီးက ကာဠီအား အသပြာတစ်ထောင်ဖြင့် ယောသကကို ပြန်ယူစေ၏။ ဤအချိန်တွင် ယောသကသည် ကြီးပြင်း လာလေပြီ။ သို့ရာတွင် သူဌေးကြီးသည် ယောသက သေရေးအတွက် သာ အစဉ် ကြံစည်၏။ တစ်နေ့တွင် သူဌေးကြီးသည် အိုးထိန်းသည် တစ်ယောက်ကို ခေါ်၍–

'ငါ့မှာ အလွန်ဆိုးသွမ်းသော သားတစ်ယောက် ရှိသည်။ သင် အိုးဖုတ်သောအခါ သူ့ကို သတ်ပြီး အိုးတစ်လုံးထဲ၌ ထည့်၍ ဖုတ်လိုက်





ပါ။ စရန်အနေဖြင့် အသပြာတစ်ထောင်ကို အခပေးပါသည်။ ကိစ္စ အားလုံး ပြီးသွားပါက နောက်ထပ် ပေးပါဦးမည်'

ဟု ဆို၏။ အိုးထိန်းသည်ကလည်း–

'ကောင်းပါပြီ၊ နက်ဖြန် အိုးများ ဖုတ်တော့မည်ဖြစ်၍ သူဌေးကြီး သားကို ကျွန်ုပ်အိမ်သို့ လွှတ်လိုက်ပါ'

ဟု ဆို၏။ ယောသကကို ခေါ်၍ အိုးထိန်းသည်၏ အိမ်သို့ လွှတ်လိုက်၏။ ယောသက ကလည်း ဖခင် ညွှန်ကြားချက်အတိုင်း အိုးထိန်းသည်၏ အိမ်သို့ သွား၏။ သို့ရာတွင် လမ်း၌ ညီငယ်ဖြစ်သူ သူဌေးကြီး၏ သားရင်းသည် အဖော်များနှင့် ခုံညင်း ကစားနေသည်ကို တွေ့၏။ သူဌေးသားကလည်း ယောသကကို တွေ့လျှင် 'အစ်ကို၊ ကျွန်တော် ခုံညင်း ရှုံးနေသည်၊ အစ်ကို ကစားပေးပါ'ဟု ဆို၏။

ယောသက က 'ငါ့ကို ဖခင် ခိုင်းလိုက်သော ကိစ္စရှိသည်။ ငါ မအားဘူး ညီငယ်'ဟု ဆိုလေလျှင် သူဌေးသားက 'ဖခင် ခိုင်းလိုက် သော ကိစ္စကို ကျွန်တော် လုပ်ပေးမည်၊ ကျွန်တော့်ကိုယ်စား ခုံညင်းကို သာ နိုင်အောင် ကစားပေးပါ'ဟု ဆို၏။ ယောသကကလည်း ညီငယ် ၏ တောင်းပန်ချက်အရ ခုံညင်းကို ကစားပေး၏။ သူဌေးသားလည်း ယောသက ကိုယ်စား အိုးထိန်းသည်၏ အိမ်သို့ သွား၏။ အိုးထိန်းသည် လည်း ကောသမ္ဗီသူဌေးကြီး မှာကြားချက်အတိုင်း သူငယ်ကို သတ်၍ အိုးထဲ၌ ထည့်ပြီး အိုးဖုတ်ရာ တွင်းထဲသို့ ထည့်လိုက်၏။ ညီငယ်ကို စောင့်မျှော်သော်လည်း ညီငယ် မလာနိုင်၊ အချိန်ကလည်း တရွေ့ရွေ့ ကုန်၊ ယောသက ဘာလုပ်ရမှန်း မသိဘဲ ပူပန်လျက် ရှိ၏။ နောက်ဆုံး ၌ မိုးချုပ်သွားသဖြင့် အိမ်သို့ ပြန်လာ၏။

သူဌေးကြီးသည် ယောသကကို မြင်လျှင် 'ယောသက၊ သင် အိုးထိန်းသည်၏ အိမ်သို့ မသွားဘူးလား'ဟု မေးလေရာ ယောသက



www.burmeseclassic.com

www.burmeseclassic.com



ကလည်း မိမိကိုယ်စား ညီငယ် သွားပါကြောင်း၊ မိမိက ညီငယ် ကိုယ်စား ခုံညင်းကစားပါကြောင်း ပြန်လည် ပြောပြသည်။ ထိုအခါ သူဌေးကြီးသည် စိတ်ကို မထိန်းနိုင်ဘဲ ရင်ဘတ်စည်တီး ငိုကြီးချက်မနှင့် အိုထိန်းသည်၏ အိမ်သို့ မီလိုမီငြား အပြေးလိုက်လေ၏။ ဃောသကကမူ ယောင်နနနှင့် ကျန်ရစ်ခဲ့၏။ သူဌေးကြီးသည် အိုးထိန်းသည်၏ အိမ်သို့ ရောက်သောအခါ ကိစ္စအားလုံး ပြီးသွားပြီဖြစ်ကြောင်း တွေ့ရ၏။ ဤသည်မှာ ဃောသကအတွက် ဆဋ္ဌမအကြိမ် ဝိပါက်လိုက်ခြင်း ဖြစ်၏။

သူဌေးကြီးသည် မိမိအတတ်နှင့် မိမိ ဈူးသဖြင့် နှုတ်၍ မရဘဲ ဃောကကို အတိုင်းအဆမရှိ ခံစားရ၏။ ဃောသကကိုလည်း မမြင်လိုတော့ဘဲ တွေးရင်းတွေးရင်း နာကြည်းသည်ထက် နာကြည်းလာ၏။ နောက်ဆုံး၌ သူဌေးကြီးသည် မိမိကိုယ်တိုင် စာကိုရေး၍ မိမိ အပိုင်စားရာ ရွာရှိ မိမိကိုယ်စားလှယ်ထံသို့ စေလွှတ်လိုက်၏။ စာတွင်–

“ဦးရီးတော်၊ ယခု စာယူလာသူသည် ကျွန်ုပ်၏သား ဃောသက ဖြစ်သည်။ သူသည် မိဘများ မနိုင်နင်းလောက်အောင် ဆိုးသွမ်းသူ ဖြစ်သည်။ သူ့ကို သတ်၍ ဖျောက်ဖျက်လိုက်ပါ။ ဦးရီးအတွက် ကျေးဇူးကို ကျေပွန်အောင် ဆပ်ပါမည်။”ဟူ၍ ဖြစ်၏။ ထို့အပြင် သူဌေးကြီးက ဃောသကအား ‘ဤမည်သော ရွာတွင် ငါ့မိတ်ဆွေရှိသည်၊ ထိုအိမ်၌ နံနက်စာ ဝင်စားပြီးမှ ခရီးဆက်၍သွား’ဟုလည်း မှာလိုက်၏။

ဃောသကသည် ဖခင်မှာလိုက်သည့်အတိုင်း စာကို ယူ၍ သွား၏။ လမ်းတွင် ဖခင်၏ မိတ်ဆွေအိမ်သို့ ဝင်၏။ ထိုအိမ်ကလည်း ဃောသကအား ကောင်းစွာ ညှော်ခံကျွေးမွေး၏။ ဃောသကသည် ခရီးဆက်လက်မသွားမီ ထိုအိမ်၌ တရေးတမော အိပ်၏။ စာကို ပျောက်မသွားအောင် ခါးပုံစတွင် ညှပ်၍ ထား၏။





ကောသမ္ဗီသူဌေးကြီး၏ မိတ်ဆွေဖြစ်သူ၌ အလွန် ချောမောလှပသော သမီးတစ်ယောက် ရှိ၏။ သမီးသည် ဃောသကကို မြင်လျှင်မြင်ချင်း မြတ်နိုး၏။ ဃောသကသည် ကောတူဟလိက ဘဝ၌ ဖြစ်စဉ်က သမီးသည် ကောတူဟလိက၏ ဇနီး ဖြစ်ခဲ့ဖူး၏။

ချစ်မြတ်နိုးခြင်းနှင့် ပတ်သက်၍ ဒုကနိပါတ် သာကေတဇာတ်၌ “အတိတ်ဘဝ၌ ရင်းရင်းနှီးနှီး ဆက်ဆံဖူးလျှင် ဖြစ်စေ၊ ပစ္စုပ္ပန်ဘဝ၌ ရင်းရင်းနှီးနှီး ဆက်ဆံဖူးလျှင် ဖြစ်စေ တစ်ဦးနှင့်တစ်ဦး တွယ်တာမှု သံယောဇဉ်သည် ဖြစ်တတ်၏”ဟူ၍ ဖော်ပြထား၏။ ထို့ကြောင့် သမီးသည် ဃောသကကို မြင်လျှင် မြင်ချင်း မြတ်နိုးတွယ်တာမှု ဖြစ်ပေါ်ခြင်း ဖြစ်၏။

ကောသမ္ဗီသူဌေးကြီး၏ မိတ်ဆွေ တောသူဌေးသမီးသည် အိပ်ပျော်နေသော ဃောသက၏ ခါးပုံစရှိ စာကို ဖတ်ကြည့်ရာ “ဤသူသည် စာမတတ်သဖြင့် မိမိကို သတ်ရန် ရေးထားသည့် စာကို မိမိကိုယ်တိုင် ယူဆောင်၍ သတ်မည့်သူထံသို့ ကိုယ်တိုင် သွားပို့ပြီး အသတ်ခံမည့်သူပါတကား”ဟု များစွာ သနားမိလေ၏။ ထို့နောက် မူလစာကို ဆုတ်ဖြဲပြီး စာအသစ်တစ်စောင်ကို ရေး၍ အိပ်ပျော်နေသော ဃောသက၏ ခါးပုံစ၌ ပြန်၍ ထားလိုက်၏။ စာတွင်–

“ယခုလာသူမှာ ကျွန်ုပ်၏ သားကြီး ဃောသက ဖြစ်ပါသည်။ သားကြီးကို ဤမည်သောရွာရှိ ကျွန်ုပ်၏မိတ်ဆွေ သူဌေးသမီးနှင့် လက်ထပ်ပေးလိုက်ပါ။ ရွာလယ်တွင် ဘုံခုနစ်ဆင့်ရှိ အိမ်ကို ဆောက်လုပ်ပြီး လုံလောက်သော အစောင့်အရှောက်များဖြင့် ကောင်းမွန်စွာ ထားပါ။ လိုအပ်သလို ကူညီစောင့်ရှောက်ပါ။”

ဟူ၍ ဖြစ်၏။ ဃောသကလည်း အိပ်ရာမှနိုးလျှင် ဖခင် မှာသော



www.burmeseclassic.com

www.burmeseclassic.com



သည့်အတိုင်း ဖခင်၏ ကိုယ်စားလှယ်ထံသို့ ရောက်အောင်သွား၍ စာကို ပေးလိုက်၏။

ကိုယ်စားလှယ်လည်း စာကိုဖတ်ပြီးလျှင် ဝမ်းမြောက် ဝမ်းသာစွာဖြင့် စာ၌ ညွှန်ကြားထားသည့်အတိုင်း ဆောင်ရွက်ပြီးပါကြောင်းကိုလည်း ကောသမ္ဗီသူဌေးကြီးထံ အပြည့်အစုံ အစီရင်ခံလိုက်၏။ ဤသည်မှာ ဃောသကအတွက် သတ္တမအကြိမ် ဝိပါက်လိုက်ခြင်း ဖြစ်၏။ ဤဝိပါက်ကား နောက်ဆုံးဝိပါက် ဖြစ်၏။

ဃောသကသည် နွားကျောင်းသား၏ ခွေးငယ်ဘဝ၌ ဖြစ်စဉ်က ပစ္စေကဗုဒ္ဓါ၌ ကြည်ညို၏။ ဟောင်ခြင်း၊ အူခြင်းဖြင့် ပစ္စေကဗုဒ္ဓါ၏ အန္တရာယ်များကို ဖယ်ရှင်းခဲ့၏။ ထိုသို့ ဟောင်ခြင်း၊ အူခြင်း ပြုလုပ်ရာတွင် ပစ္စေကဗုဒ္ဓါ၌ ကြည်ညိုချစ်ခင်သော သဒ္ဓါတရားသက်သက်ဖြင့်သာ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ မည်သည့်အကျိုးကိုမျှ မျှော်ကိုးခြင်း မရှိ။ ဉာဏ်နှင့်လည်း မယှဉ်၊ စေတနာသန့်သန့် သဒ္ဓါသန့်သန့်ဖြင့်သာ ပြုလုပ်ခဲ့ခြင်း ဖြစ်၏။

ကောတူဟလိက ဘဝ၌ ဖြစ်စဉ်က သားငယ် "ကာပိ"ကို စွန့်ပစ်ခဲ့ဖူး၏။ ထိုအကုသိုလ်ကံသည် ဃောသက ဘဝ၌ ခုနစ်ကြိမ်တိုင်တိုင် စွန့်ပစ်ခြင်း ခံရအောင် အကျိုးပေး၏။ ထိုအကုသိုလ်ကံ၏ အကျိုးဝိပါက်ကို ပစ္စေကဗုဒ္ဓါ၌ ကြည်ညိုသော ကုသိုလ်ကံက မတားမြစ်နိုင်သော်လည်း၊ စွန့်ပစ်ခြင်း ခံရတိုင်း အန္တရာယ် မကျရောက်အောင် ကာကွယ်နိုင်၏။

အန္တရာယ် မကျရောက်အောင် ကာကွယ်နိုင်သော ကုသိုလ်စေတနာကို အဋ္ဌကထာဆရာက "ဖြောင့်မတ်သော စေတနာ–ဥဇုစေတိက"ဟူ၍ လည်းကောင်း၊ "မကောက်ကျစ်သော စေတနာ–အကုဋိလ" ဟူ၍ လည်းကောင်း ဆိုပါ၏။ ထိုကုသိုလ်စေတနာသည် ထိုမျှသာ





မကသေး၊ ဃောသကအား ဃောသိတာရုံကျောင်း ဒါယကာသူဌေးကြီးဘဝဖြင့် သောတာပန်အရိယာ ဖြစ်သွားသည်အထိ အကျိုးပေးပေလိမ့်ဦးမည်။

ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာများကို တောင့်တခြင်း မရှိဘဲ ဉာဏ်မယှဉ်စေကာမူ စေတနာသန့်သန့် သဒ္ဓါသန့်သန့်ဖြင့် ရတနာသုံးပါး၌ ပြုလုပ်ပါက ကြီးမားသော အကျိုးကျေးဇူးကိုလည်း ပေးတတ်၏။ ပါရမီသဘောလည်း သက်ဝင်၏။

ကောသမ္ဗီသူဌေးကြီးသည် သူ၏ ကိုယ်စားလှယ်ထံမှ ဃောသကနှင့် ပတ်သက်၍ သတင်းစကားကို ကြားရသောအခါ "ငါ ကြံတိုင်း ကြံတိုင်း ငါ၏အကြံ မအောင်မြင်ဘဲ တစ်မျိုးတစ်မည် ဖြစ်ရ၏" ဟု စိတ်နှလုံး ပြင်းပြစွာ ပူလောင်ပြီး ဝမ်းသွေးသွန်ရောဂါဖြင့် အိပ်ရာထဲ၌ ဗုန်းဗုန်းလဲတော့၏။

ကံအရှိန်အဟုန် ရှိသူကို ပျက်စီးစေရန် အားထုတ်ပါက အုတ်တံတိုင်းကို ဦးခေါင်းဖြင့် တိုက်သည့်နှယ် အားထုတ်သူသာ ပျက်စီးရသည့် သဘောကို သူဌေးကြီး သဘောမပေါက်။ ထို့ကြောင့် သူဌေးကြီးသည် ဃောသက ပျက်စီးစေရေးအတွက် သူ၏ အမွေအနှစ်များကို ဃောသက မရနိုင်စေရန် စီစဉ်မည်ဟု ကြံရွယ်ပြီး ဃောသကအား လူလွှတ်ပြီး ခေါ်ခိုင်းလိုက်၏။

ဃောသက၏ ဇနီးကား အမြော်အမြင်ရှိသူ ဖြစ်၏။ ထို့ကြောင့် မိမိ အမှုလုပ်တို့အား 'အကယ်၍ ကောသမ္ဗီ သူဌေးကြီးထံမှ စာဖြစ်စေ၊ လူဖြစ်စေ ရောက်လာပါက ဃောသကအား မပြောဘဲ ငါ့ကိုသာ ဦးစွာ ပြောပါ'ဟု ကြိုတင်မှာထား၏။

ကောသမ္ဗီသူဌေးကြီးထံမှ လူများ ရောက်လာသောအခါ သူဌေးသမီးသည် ထိုသူများနှင့် ဦးစွာ တွေ့၏။ သူဌေးကြီး၏ ကျန်းမာရေး



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကို မေး၏။ သူဌေးကြီး စားနိုင်သောက်နိုင်သော အခြေအနေတွင် ရှိသေးကြောင်း သိရလျှင် အခေါ်လာသူများကို ပြန်မလွှတ်သေးဘဲ အိမ်တစ်အိမ်၌ ကောင်းစွာပြုစု၍ ညှော့ခံထား၏။

ယောသက မလာရောက်သေးသောအခါ ကောသမ္ဗီသူဌေးကြီးသည် ဒုတိယအကြိမ် လူလွှတ်၍ ခေါ်ခိုင်းပြန်၏။ ထိုသူများထံမှ သူဌေးကြီး၏ ကျန်းမာရေးအခြေအနေကို သိရသောအခါ သူဌေးသမီးသည် ဒုတိယအကြိမ် အခေါ်လာသူများကိုလည်း ပြန်မလွှတ်ဘဲ အခြားအိမ်တစ်အိမ်၌ ထား၍ ကောင်းမွန်စွာ ပြုစုလုပ်ကျွေးလျက် ညှော့ခံထား၏။

ယောသက မလာရောက်သေးကြောင်း သူဌေးကြီး သိလျှင် တတိယအကြိမ် လူလွှတ်ခေါ်ပြန်၏။ ဤအကြိမ်၌မူ ဝမ်းသွေးများ တရစပ်သွားပြီး အစာအာဟာရ မဝင်တော့ကြောင်း၊ အသက်မီလိုလျှင် အမြန်လာပါမှ အသက်မီတော့မည် ဖြစ်ကြောင်း တတိယအကြိမ် အခေါ်လာသူများထံမှ သူဌေးကြီး၏ ကျန်းမာရေးအခြေအနေကို သိရသောအခါ ဤအကြိမ်၌မူ သွားသင့်ပြီဟု သူဌေးသမီးက ယူဆ၏။

ထိုနောက် ယောသကကို အကြောင်းကြား၍ ဇနီးမောင်နှံ နှစ်ဦးတို့သည် အခြွေအရံများနှင့်တကွ ဖခင် ကောသမ္ဗီသူဌေးကြီးထံသို့ သွားကြ၏။ လမ်းခရီး၌ ဇနီးဖြစ်သူ သူဌေးကတော်က ယောသကအား ဖခင်ထံသို့ ရောက်လျှင် ခြေရင်းဘက်၌ နေရန် မှာကြား၏။ မိမိမူကား ခေါင်းရင်းဘက်၌ နေမည်ဖြစ်ကြောင်းကိုလည်း ပြောကြား၏။ အခြွေအရံ ယောကျ်ားတို့အားလည်း အိမ်၏ ပတ်ပတ်လည်၌ နေ၍ စောင့်ရှောက်ကြရန် မှာကြား၏။

ယောသကတို့ ဇနီးမောင်နှံ သူဌေးကြီးအိမ်သို့ ရောက်သောအခါ သူဌေးကြီးသည် သေအံ့မူးမူး အချိန်သို့ ရောက်ခဲ့ပြီ။ သူဌေးကြီး၏





စာရင်းကိုင်က သူဌေးကြီး၏ ခြေတို့ကို ဆုပ်နယ်ပေးလျက် ရှိ၏။ ယောသကက ခြေရင်းဘက်၌ ထိုင်၍ သူဌေးကတော်က ခေါင်းရင်းဘက်၌ ထိုင်၏။ ထိုအခါ စာရင်းကိုင်က ယောသက ရောက်လာပြီဖြစ်ကြောင်း သူဌေးကြီးအား ပြောကြားလျှင် သူဌေးကြီးသည် မျက်လုံးများကို အနိုင်နိုင်ဖွင့်၍ စာရင်းကိုင်အား သူ၏ ပစ္စည်းဥစ္စာများ စာရင်းကို ဖတ်ကြားစေ၏။

စာရင်းကိုင်ကလည်း အတွင်းပစ္စည်း ကုဋေလေးဆယ်နှင့် တကွ အပြင်ပစ္စည်း ရွာ၊ လယ်၊ နွား၊ ယာဉ် စသည်တို့၏ အရေအတွက်ကို ဖတ်ကြားတင်ပြရာ၊ သူဌေးကြီးက ဤပစ္စည်းများ အားလုံးကို ယောသကအား 'မပေးပါ'ဟု ဆို၏။ သို့ရာတွင် သူဌေးကြီး အားနည်းလွန်းသဖြင့် စကားလုံးများကို အလုံးတိုင်း အလုံးတိုင်း ပီသအောင် မဆိုနိုင်တော့ဘဲ အစ "မ"အက္ခရာ အသံပျောက်ပြီး "ပေးပါ"ဟူ၍သာ အသံထွက်တော့၏။ အားလုံးကလည်း "ပေးပါ"ဟူ၍သာ ကြားကြလေ၏။

သို့ရာတွင် သူဌေးကတော်သည် ဉာဏ်အမြော်အမြင် ရှိသူ ဖြစ်၏။ ထို့ကြောင့် သူဌေးကြီး၏ နှလုံးသွင်းကို သိ၏။ နောက်တစ်ကြိမ် "မပေးပါ"ဟူ၍ ထပ်မဆိုနိုင်စေရန် သူဌေးကတော်က အော်ဟစ်ငိုကြွေးလျက် သူဌေးကြီး၏ ရင်ဘတ်ပေါ်သို့ ဦးခေါင်းဖြင့် ဖိချလိုက်ရာ သူဌေးကြီး ကွယ်လွန်လေ၏။

ထိုအချိန်တွင် ကောသမ္ဗီပြည်၌ ဥတေနမင်း နန်းစံလျက်ရှိရာ ကောသမ္ဗီသူဌေးကြီး ကွယ်လွန်သွားကြောင်း၊ ဥစ္စာပစ္စည်းများကို သားဖြစ်သူ ယောသကအား ပေးသွားပါကြောင်းဖြင့် ဥတေနမင်းအား လျှောက်ထားလျှင် ဥတေနမင်းက ယောသကအား နန်းတော်သို့ ခေါ်ဆိုလိုက်၏။

ယောသကသည် ဥတေနမင်း၏ ဆင့်ဆိုချက်အရ နန်းတော်သို့



www.burmeseclassic.com

www.burmeseclassic.com



သွား၏။ ထိုနေ့၌ မိုးရွာသဖြင့် မင်းရင်ပြင်၌ ချိုင့်ဝှမ်းနေရာများတွင် ရေတင်လျက် ရှိ၏။ ဥတေနမင်းသည် လေသာပြတင်းမှ ဃောသက အလာကို စောင့်ကြည့်နေ၏။ ဃောသကသည် မင်းရင်ပြင်သို့ ရောက်သောအခါ ရေအိုင်ငယ်များကို ခုန်ကျော်၍ သွားလေ၏။ ထိုနောက် နန်းတော်တွင်းသို့ ဝင်ရောက်၍ မင်းကြီးအား ခစား၏။ မင်းကြီးက ဃောသကအား ကောသမ္ဗီသူဌေးကြီး ကွယ်လွန်သော်လည်း အားမငယ်ရန် အားပေးစကား ပြောကြား၏။ ထို့အပြင် ဃောသကအား ဖခင်သူဌေးကြီး၏ ရာထူးကို ဆက်ခံစေရန် စီစဉ်ပေးမည် ဖြစ်ကြောင်းလည်း ပြောလိုက်ပြီး ဃောသကကို မင်းကြီးက ပြန်လွှတ်လိုက်၏။

ဃောသကသည် နန်းတော်မှ ပြန်လာ၏။ ဥတေနမင်းကြီးက နောက်မှ စောင့်ကြည့်လျက် ရှိ၏။ ဃောသကသည် နန်းတော်သို့ လာစဉ်က နန်းရင်ပြင်၌ တွေ့ခဲ့သော ရေအိုင်ငယ်များသို့ ရောက်သောအခါ အလာတုန်းကလို ခုန်ကျော်မသွားဘဲ ရေထဲသို့ ဆင်း၍ သွား၏။ ဥတေနမင်းကြီးသည် ချက်ချင်းပင် ဃောသကကို ပြန်ခေါ်စေ၏။ ဃောသကသည် မင်းကြီးရှေ့မှောက်သို့ ရောက်၍ ခစားလေလျှင် မင်းကြီးက ဃောသကအား 'ဃောသက၊ သင် လာစဉ်က ရေအိုင်ငယ်များကို ခုန်ကျော်၍ လာခဲ့၏။ ယခု အပြန်တွင်မူ ရေအိုင်ငယ်များကို ခုန်ကျော်၍ မသွားဘဲ ရေအိုင်များထဲသို့ ဆင်း၍ သွား၏။ ဘာကြောင့်လဲ'ဟူ၍ မင်းကြီးက မေး၏။ ထိုအခါ ဃောသက က–

'အရှင်မင်းကြီး၊ နန်းတော်သို့ လာစဉ်က ဃောသကသည် သာမန် ဃောသကသာ ဖြစ်ပါသည်။ ယခု အပြန်တွင်မူ ဃောသကသည် သာမန်ဃောသက မဟုတ်တော့ပါ။ သူဌေးရာထူးကို ဆက်ခံရမည့် ဃောသက ဖြစ်ပါသည်။ ထို့ကြောင့် ရာထူးနှင့် ထိုက်တန်အောင် ဣန္ဒြေတို့ကို ထိန်းသိမ်းစောင့်စည်းသောအားဖြင့် ရေအိုင်ငယ်များထဲသို့





ခုန်ကျော်၍ မသွားဘဲ ရေအိုင်ငယ်များထဲသို့ ဆင်း၍ သွားခြင်း ဖြစ်ပါသည်'ဟု တင်လျှောက်ရာ၊ ဥတေနမင်းကြီးသည် 'ဤသူကား ပညာရှိပေသည်။ သူဌေးရာထူးနှင့် ထိုက်တန်ပေသည်'ဟု ဆုံးဖြတ်ပြီး သူဌေးအဆောင်အယောင်နှင့်တကွ သူဌေးရာထူးကို ချက်ချင်းပေးလိုက်၏။ ဤသို့လျှင် ဃောသကသည် ကောသမ္ဗီသူဌေးကြီး ဖြစ်လာခဲ့၏။

ဃောသကသည် စာမတတ်၊ စာမတတ်သော်လည်း ပညာရှိ၏။ စာတတ်ခြင်းကို အားပေးသင့်သော်လည်း များသောအားဖြင့် စာတတ်သူများသည် မိမိတို့၏ အမြင်အကြားများကို မိမိတို့တတ်သော စာများနှင့် တိုင်းတာ၍ ဘာသာပြန်ဆိုကြ၏။

ဤသို့ ဘာသာပြန်ဆိုခြင်းမှာ ဗဟိဒ္ဓကို ဗဟိဒ္ဓနှင့် တိုင်းတာခြင်းမျှသာ ဖြစ်၏။ ထိုအခါ အဇ္ဈတ္တ၌ရှိသော ပဋိသမ္ဘိဒါဉာဏ်၏ စွမ်းအားသည် မိမိတို့၏ အမြင်အကြားကို ထွင်းဖောက်၍ သိနိုင်သော ပဝတ္တိဉာဏ်ကို မဖြစ်ပေါ်စေနိုင်ချေ။

စာမတတ်သော ပညာရှိများသည်ကား အားကိုးစရာ စာသိပေသိ မရှိသဖြင့် မိမိတို့၏ အမြင်အကြားကို မိမိတို့၏ သန္တာန်၌ ရှိသော အတွေ့အကြုံများနှင့်သာ တိုင်းတာ၍ ဘာသာပြန်ဆိုကြ၏။ ဤသို့ ဘာသာပြန်ဆိုခြင်းသည် ဗဟိဒ္ဓကို အဇ္ဈတ္တနှင့် တိုင်းတာခြင်း ဖြစ်၏။

ထိုအခါ အဇ္ဈတ္တ၌ ရှိသော ပဋိသမ္ဘိဒါဉာဏ်၏ စွမ်းအားသည် မိမိတို့၏ အမြင်အကြားကို ထွင်းဖောက်၍ သိနိုင်သော ပဝတ္တိဉာဏ်ကို ဖြစ်ပေါ်စေနိုင်ပါ၏။ ထိုဉာဏ်၊ ထိုအသိအရ ဃောသကသည် ရေအိုင်ငယ်များ အတွင်းသို့ ဆင်း၍ သွားခြင်း ဖြစ်၏။ ထို့ကြောင့် ဃောသကသည် စာမတတ်သော်လည်း ပညာရှိဖြစ်၏– ဟု ဥဆော

www.burmeseclassic.com



မင်းကြီးက သတ်မှတ်၍ ဃောသကအား သူဌေးရာထူးကို ပေးအပ်ခြင်း ဖြစ်၏။

သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ အရာရာတိုင်းတွင် သာမည လက္ခဏာနှင့် ဝိသေသလက္ခဏာ ရှိသည်ချည်း ဖြစ်၏ - ဟု ပိဋကတ်တော်၌ ဆို၏။ ထို့ကြောင့် ရုပ်ဖြစ်စေ၊ နာမ်ဖြစ်စေ အခြေခံအားဖြင့် သာမညလက္ခဏာအရ အချင်းချင်းတူကြသော်လည်း အပေါ်သဏ္ဌာန်အားဖြင့်မူ ဝိသေသလက္ခဏာအရ အဌကလာပ် ရုပ်ချင်းတူသော်လည်း အပေါ်သဏ္ဌာန်အားဖြင့် ဝိသေသလက္ခဏာအရ အချင်းချင်း ကွဲပြားသွားရခြင်း ဖြစ်၏။

ထို့ကြောင့် ဒုကနိပါတ် သမ္ဗဒါဠ္ဌဇာတ်၌ မြေခွေးက ခြင်္သေ့စိတ်ပေါက်၍ ခြင်္သေ့လုပ်သော်လည်း တကယ်တမ်း စစ်မှန်သော ခြင်္သေ့ ဖြစ်မလာနိုင်ခြင်း ဖြစ်၏။ ဤသဘောကို ဃောသက သိ၍ သာမည ဃောသနှင့် ဝိသေသ ဃောသကတို့၏ ခြားနားချက်ကို ဥတေန မင်းကြီးအား တင်လျှောက်နိုင်ခြင်း ဖြစ်၏။

ဃောသကသည် သူ့ဘဝဖြစ်စဉ်ကို သူ့ဇနီးနှင့် သူဌေးကြီး၏ ကျွန်မ ကာဠီတို့ထံမှ ကြားသိရကာ များစွာ သံဝေဂ ဖြစ်၏။ ထို့ကြောင့် သူသည် ဇနီးနှင့် တိုင်ပင်ကာ မိမိတို့အတွက် ရယူခြင်း “လောဘ”၌ ချမ်းသာကို မရှာတော့ဘဲ၊ လောကအတွက် စွန့်လွှတ်ခြင်း “အလောဘ” ၌ ချမ်းသာကို ရှာရန် ဆုံးဖြတ်၏။ ထိုဆုံးဖြတ်ချက်အရ အလှူမဏ္ဍာပ် ဆောက်၍ သူဆင်းရဲတို့အား လည်းကောင်း၊ ခရီးသွားတို့အား လည်းကောင်း နေ့စဉ် အသပြာ တစ်သိန်းဖိုး လှူ၏။ မိဘမဲ့ သာမာဝတီ သူဌေးသမီးကို မွေးစား၏။

ထိုအခါ မြတ်စွာဘုရား ပွင့်တော်မူပြီဖြစ်၍ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတိုက်ရှိ မြတ်စွာဘုရားထံတော်





သို့ သွားရောက်၍ တရားနာယူရာ သောတာပန် ဖြစ်၏။ ထို့နောက် ကောသမ္ဗီပြည်၌ ဃောသိတာရုံ ကျောင်းတိုက်ကို ဆောက်၍ လှူဒါန်း၏။ သူ ဆောက်လုပ်လှူဒါန်းသော ဃောသိတာရုံ ကျောင်းတိုက်သည် လည်းကောင်း၊ သူ မွေးစားသော သာမာဝတီသည် လည်းကောင်း သာသနာ့သမိုင်းတွင် ထင်ရှားပါ၏။

ကျွန်ုပ်တို့သည် သံသရာ၌ ကျင်လည်ရစဉ် မြတ်စွာဘုရား လက်ထက်တော်၌ တကယ်ဖြစ်ခဲ့ဖူးသော ဃောသကသူဌေး ဝတ္ထုမှ သံဝေဂယူကာ၊ မိမိ၏ အကျိုးအတွက် ပဓာနမပြုဘဲ လောကအကျိုးအတွက် ပဓာနပြုသောအားဖြင့် မလုပ်သင့်သည်ကို မလုပ်ဘဲ နေရဲအောင်၊ လုပ်သင့်သည်ကို လုပ်ရဲအောင် ကြိုးစားအပ်ပါ၏။

မလုပ်သင့်သည်ကို မလုပ်ဘဲ နေသောအခါ အတ္တဒိဋ္ဌိအမြင်ဖြင့် ကြည့်တတ်သူများက “အမြော်အမြင်မဲ့သော လူအ လူနုံများ”ဟူ၍ လည်းကောင်း၊ “သတ္တိမရှိသူများ”ဟူ၍ လည်းကောင်း သမုတ်ခြင်းကို ခံရတတ်၏။ လုပ်သင့်သည်ကို လုပ်ပြန်ပါကလည်း “မိုက်ရူးရဲများ”၊ “အခြေအနေကို မသုံးသပ်တတ်သူများ”ဟူ၍ သမုတ်ခြင်းကို ခံရတတ်၏။

အမှန်အားဖြင့် မလုပ်သင့်သည်ကို မလုပ်ဘဲ နေခြင်းသည် “ဝါရိတ္တ”သီလမည်၏။ လုပ်သင့်သည်ကို လုပ်ခြင်းသည် “စာရိတ္တ” သီလ မည်၏။ မလုပ်သင့်သည်ကို မလုပ်ဘဲနေခြင်း “ဝါရိတ္တ”သီလနှင့် လုပ်သင့်သည်ကို လုပ်ခြင်း “စာရိတ္တ”သီလသည် ငွေစက္ကူတစ်ရွက်၏ ခေါင်းဘက်နှင့် ပန်းဘက်သဖွယ် ဖြစ်၏။ ခေါင်းဘက်နှင့် ပန်းဘက် ပါမှသာ ငွေစက္ကူသည် “စစ်မှန်သော ငွေစက္ကူ”ဖြစ်သကဲ့သို့ မလုပ်သင့်သည်ကို မလုပ်ဘဲနေခြင်း “ဝါရိတ္တ”သီလနှင့် လုပ်သင့်သည်ကို လုပ်ခြင်း “စာရိတ္တ”သီလ နှစ်ဖက်စုံမှ “စစ်မှန်သော သီလ” မည်၏။

